http://www.dhammadownload.com

350

# မှတစ်ပါး အခြားမရှိပြီ



ဓမ္မဒူတဆရာတော်ကြီး

တပည့်

ဓမ္မဒူတ အရှင်ဆေကိန္ဒ

မှတစ်ပါး အခြားမရှိပြီ ဓမ္မဒူတ အရှင်ဆေကိန္ဒ

http://www.dhammadownload.com

ပျိုရွယ်ခြင်းဟာ

အိုမင်းခြင်း ...

ကျန်းမာခြင်းဟာ

ဖျားနာခြင်း ...

ပေါင်းဆုံခြင်းဟာ

ကွေကွင်းခြင်း ...

ရှင်သန်ခြင်းဟာ

ပျက်သုန်းခြင်း ...

မှတစ်ပါး

အခြားမရှိပြီ ။

ဒါတွေက သံဝေဂဉာဏ်

ရစရာတွေပါ ။

ဝိပဿနာဉာဏ်

ဆိုတာကတော့

" မှတစ်ပါး

အခြားမရှိပြီ " တဲ့ ။

http://www.dhammadownload.com


# ပုံနှိပ်မှတ်တမ်း

**စာမူခွင့်ပြုချက်** - ၅၄၅/၂၀၀၃ (၈)

**အဖုံးခွင့်ပြုချက်** - ၅၃၁/၂၀၀၃ (၉)

**ပုံနှိပ်သူ** - ဒေါ်ကျင်လှိုင် (၀၃၂၄၉)
ကျော့အောင်ပုံနှိပ်တိုက်
အမှတ် ၇၈၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်။

**ထုတ်ဝေသူ** - ဦးကျော်ဟင်း(၀၉၁၀)
ယုံကြည်ချက်စာပေ
အမှတ်-၁၁၁၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်

ကွန်ပျူတာ - ဦးချမ်းသာ၊ (ပါဠိပါရဂူ)
မြသိရိ ၃-လမ်း၊
စစ်တောင်းလမ်း၊ မ/ဒ

http://www.dhammadownload.com



http://www.dhammadownload.com



ဓမ္မဒူတ အရှင်ဆေကိန္ဒ

၏

# မှတစ်ပါး အခြားမရှိပြီ

http://www.dhammadownload.com

ကျေးရွာတော်ရှင် ရွှေဥမင် ဆရာတော်ဘုရားကြီး၏ စာကြည့်တိုက် (၂၀)တိုက်အတွက် ဓမ္မဒါနအဖြစ် ဤ 'မှတစ်ပါး အခြားမရှိပြီ' ကျမ်းစာအုပ်ကို ဦးခင်မောင်ဝင်း + ဒေါ်သီတာထွန်း၊ သမီး–ဝင်းမြတ်နိုးထွန်း၊ ဝင်းသိင်္ဂါထွန်း (မြသီတာသက်န်းတိုက်) မိသားစု၊ (၄၇)ကို–၃၊ ဦးဖိုးသုန်ရိပ်သာလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တို့က ကုန်ကျစရိတ်ကိုရင်းနှီးမ,တည်လျက် အကျိုးကျေးဇူးကို စာကြည့်တိုက် အတွက် လိုအပ်ရာရာ အသုံးပြုနိုင်ရန် စိုက်ပျိုးလှူဒါန်းပါသည်။

http://www.dhammadownload.com



# မှတစ်ပါး အခြားမရှိပြီ

သာသနာတော်နှစ် ၂၅၄၆-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၄-ခုနှစ်၊ ဥတုဝသန္တ မိုးဥတုမိုးတွင်းကာလ၊ တော်သလင်းလပြည့်ကျော် (၁၄) ရက်၊ ၂၀၀၂-ခုနှစ်၊ (၁၀) လပိုင်း (၅) ရက်နေ့ ညတွင် ရန်ကုန်တိုင်း၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သစ်တောလမ်း၊ ဇောတနာရာမ ပရိယတ္တိစာသင်တိုက်ကြီးအတွင်း၌ ဝါတွင်း ဥပုသ်သီတင်းစဉ်အဖြစ် ဆင်ယင်ကျင်းပ ပြုလုပ်အပ်သော အလုံမြို့၌ နေထိုင်ကြကုန်သော တရားကို ချစ်ခင်၊ တရားကို နှစ်သက်၊ တရားနဲ့ မွေ့လျော်၊ တရားနဲ့ ပျော်၊ တရားကို မြတ်နိုး၊ တရားကို တန်ဖိုးထားကြကုန်သော သူတော်ကောင်းအပေါင်းတို့ စုပေါင်းဆင်ယင်ကျင်းပ ပြုလုပ်အပ်သော ဓမ္မဒါန-တရား

http://www.dhammadownload.com



အလှူ့ အမတဒါန-အမြိုက်နိဗ္ဗာန် အလှူပွဲကြီး၌ ဟောကြားအပ်သော သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂသံယုတ် ဒေဝတာသံယုတ် နန္ဒနဝဂ်၌လာသော နန္ဒနသုတ္တန်ကို တန်ဆာဆင်၍ ဟောကြားအပ်သော **"မှတစ်ပါး အခြားမရှိပြီ"** တရားတော်။

ဘာတရားတော်လဲ၊ (မှတစ်ပါး အခြားမရှိပြီ တရားတော်ပါဘုရား)၊ ဘာကမှတစ်ပါး ဘာက မရှိတယ် ဆိုတာတော့ ဟောရင်း၊ နာရင်းနဲ့ သိမှာ ပေါ့လေ။

ဒီတရားတော်က အစိန္တေယျ သုံးလောကထွတ်ထား ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိုယ်တော်တိုင် ဟောတော်မူခဲ့တဲ့ တရားတော်ပါ။

ဒီတရားတော်ကို သံဃာတော်မြတ်အပေါင်း အရှင်ကောင်းတွေက လက်ဆင့်ကမ်း သယ်ဆောင်လာခဲ့လို့ မိမိတို့အသိဉာဏ်တွေ တိုးကြရအောင် ဟောကြားခွင့်၊ နားကြားခွင့် ရနိုင်ကြတာပါ။

အသိဉာဏ်တွေ တိုးခဲ့ရတာကလည်း ဘုရားကျေးဇူး၊ တရားကျေးဇူး၊ သံဃာ့ကျေးဇူးတော်

http://www.dhammadownload.com



ကြောင့်ပါ။ လပြည့်ဝန်းကြီးက အမှောင်ထဲမှာ အလင်းရောင်ပေးတဲ့အတွက်ကြောင့်မို့ လင်းလင်း ခြင်းခြင်း အန္တရာယ်ကင်းအောင် လျှောက်လှမ်းလို့ ရသလို ဘုရားရှင် ကိုယ်တော်မြတ်ကြီးတည်း ဟူသော လပြည့်ဝန်းကြီးက ညအမှောင် ရောက် သော်လည်း တစ်လောက တစ်သံသရာလုံးမှာ ဉာဏ်အမြင်တွေ ရအောင်လို့ တရားအလင်း ရောင်ပေးတဲ့ တရားအရောင်၊ ဘုရားမြတ်စွာ တည်းဟူသော လပြည့်ဝန်းကြီးရဲ့ ဘေးအနားမှာ ရှိတဲ့ ကြယ်တာရာ နက္ခတ်တွေလို ဘုရားရှင်ရဲ့ ဘေး ပတ်လည်မှာ ဝန်းရံနေတဲ့ သံဃာတော်မြတ် အပေါင်း အရှင်ကောင်းတွေ၊ ဒီဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးရဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြုပြီးတော့ လက်အုပ်ချီမိုး ရှိခိုးကြပါဦးစို့။

တိမဏ္ဍလေ စရံ သံဃ-နက္ခတ္တပရိဝါရိတံ။
သဒ္ဓမ္မသီတလောဘာသ-ဇနသန္တာပနာသကံ။
ပညာစက္ခုကရံ ပူဇေ၊ ဗုဒ္ဓပုဏ္ဏိန္ဒုမဏ္ဍလံ။

သံဃနက္ခတ္တပရိဝါရိတံ-အရိယာ ရှစ်ပါး တပည့်သား သာဝက တည်းဟူသော နက္ခတ်

http://www.dhammadownload.com



တာရာ ကြယ်တကာတို့ ဝန်းကာပတ်ခြံ ရံလည်း ရံအပ်ပါပေထသော၊ သဒ္ဓမ္မသီတလောဘာသ ဇနသန္တာပနာသကံ-ဓမ္မက္ခန္ဓာပေါင်းက ရှစ်သောင်း လေးထောင် အေးမြချမ်းကြည်သော တရား အရောင်တို့ဖြင့် များမြောင်လှစွာ သတ္တဝါတို့၏ ဆယ့်တစ်ဖြာညီး လောင်သည့်မီးကို အပြီးတိုင် ငြိမ်းသတ်လည်း ငြိမ်းသတ်တော်မူနိုင်ပါပေထ သော၊ ပညာစက္ခုကရံ-လေးရပ်သစ္စာ နက်နဲစွာကို ကောင်းစွာမျှော်ရှု ဉာဏ်ပညာ စက္ခုကိုလည်း ပြုတော်မူတတ်ပါပေထသော၊ တိမဏ္ဍလေ-မဇ္ဈေ တိုက်တွန်း အဝန်းတွင်မှတ် အလတ်ကျဉ်းကျယ် လမ်းသုံးသွယ်၌၊ စရံ စရန္တ-မြင်းမိုရ်နှိုင်းရာ ဗောဓိ ခြာကို လက်ယာရစ်ထား ကြသွားလှည့်လည်လည်း လှည့်လည်တော်မူတတ်ပါပေထသော၊ ဗုဒ္ဓပုဏ္ဏိန္ဒု-မဏ္ဍလံ-သစ္စာလေးပါး တရားသိမြင် ဘုရားရှင်ဟု ရောင်ဖြူပထွန်း လပြည့်ဝန်းကဲ့သို့သော ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို၊ အဟံ-သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် တရားဟောမည့် ဘုရားတပည့်တော်သည်၊ မယံ-သူတော်သူမြတ်

http://www.dhammadownload.com



လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် တရားဟော တရားနာကြမည့် ဘုရားတပည့်တော်တို့သည်၊ ပူဇေပူဇာမ-မင်္ဂလာစရဏာ လက်ဦးစဉ်၌ ကြည်စွာကော်ရော် ပူဇော်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးဦးညွတ်ကြပါကုန်၏ အရှင်ဘုရား။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

ဣမိနာ ဗုဒ္ဓပဏာမေန-ဤသို့ဘုရားရှင်အား ရှိခိုးရသော ကုသိုလ်ကံ စေတနာကြောင့်၊ မေမအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် တရားဟောမည့် ဘုရားတပည့်တော်အား၊ နော အမှာကံ-မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် တရားဟောတရားနာကြမည့် ဘုရားတပည့်တော်တို့အား၊ ဇယမင်္ဂလံ-တွင်းပန္နစ်တန် ရန်မာရ်အပေါင်း အောင်ကြောင်းအောင်ရာ အောင်မင်္ဂလာသည်၊ ဘဝတုမြေကြီးလက်ခတ် မလွဲလတ်သို့ ဆပ်ဆပ်မသွေ အမှန်ပင် ဖြစ်ပါစေသတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

http://www.dhammadownload.com



"မှတစ်ပါး အခြားမရှိပြီ" ဆိုတဲ့ နန္ဒနသုတ္တန် တရားတော်ကြီးကို မဟောသေးမီ၊ မနာသေးမီ တရားပိုင်ရှင် အစစ်ဖြစ်တော်မူသော အစိန္တေယျ သုံးလောကထွတ်ထား သဗ္ဗညုဘုရားရှင် ကိုယ်တော်မြတ်ကြီးကို လပြည့်ဝန်းကြီးနဲ့ ဥပမာတင်စား၊ လပြည့်ဝန်းရဲ့အရောင်ကို တရားအရောင်နဲ့ ဥပမာတင်စား၊ လပြည့်ဝန်းကြီးအနီးမှာ ဝန်းရံခနေတဲ့ ကြယ်တာရာနက္ခတ်တွေကို သံဃာတော်မြတ်အပေါင်း အရှင်ကောင်းနဲ့ ဥပမာတင်စားပြီးတော့ ဘုရား၊ တရား၊ သံဃာ ရတနာမြတ်သုံးပါးတို့ရဲ့ ဂုဏ်ကျေးဇူးတွေကို အာရုံပြု လက်အုပ်ချီမိုးရှိခိုးလို့အပြီး မိမိတို့ လိုလားတောင့်တတဲ့ အာသီသပတ္ထနာ အောင်ဆုမင်္ဂလာတွေကို တောင်းဆုပြုပြီး တရားတော်ကို ဟောကြ နာကြစို့ဆိုတော့။

မဟောသေးခင် တောင်းပန်ချင်တာက အချိန်နောက်ကျ သွားတာကိုပါ၊ ယနေ့ညက တရားနှစ်ပွဲဖြစ်နေတော့၊ ညလည်းဖြစ်ပြန်၊ ကပ္ပိယဦးရွှေကြီးကလည်း မရောက်ဘူးတော့၊ ကပ္ပိယကြီးကလည်း လမ်းမှားပြီး ဟိုမောင်းဒီမောင်း မောင်း

http://www.dhammadownload.com



ရသေးတာကိုး၊ စောင့်တဲ့လူတွေတော့ နည်းနည်းတော့ ပင်ပန်းသွားတာပေါ့။

အခု (၈)နာရီခွဲပြီဆိုတော့ ၉-နာရီ သိမ်းမယ်ပေါ့။ နာရီဝက်လောက်ဆို ရမလား၊ (မရပါဘုရား)၊ စောပြန်ချင်လား ၁-နာရီပဲ ဟောရမလား၊ (၁-နာရီပဲ ဟောပါဘုရား)။

ကဲ - ဒီလိုဆိုလည်း ဟောကြစို့။

ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်ကြီးမှာ သီတင်းသုံးတော်မူတဲ့အခိုက် နေ့လည်ခင်းတရားပွဲ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကိစ္စတော် (၅) ခန်း ပြုဖွယ်ကိစ္စတွေပြု၊ ဆွမ်းခံကြွလာ၊ နေ့ဆွမ်းဘုဉ်းပေးပြီး နေ့လည် နေခင်းကြတော့ တရားနာလာကြတဲ့ ပရိတ်သတ်တွေကို တရားဟောပေးတော်မူပါတယ်။

အဲ့ဒီနေ့လည် နေ့ခင်းမှာ ဟောတဲ့တရားဘယ်သူ့ကို အကြောင်းပြုပြီးတော့ ဟောတာလဲဆိုတော့ နတ်သားတွေကို အကြောင်းပြုပြီးဟောတာ။

http://www.dhammadownload.com



နတ်ပြည်ဌာန နတ်လောကမှ နတ်သားနှစ်ယောက်၊ နတ်သားနှစ်ပါးစကား ပြောတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး သိလို့ အဲဒီတရားကို ဟောတာ။

ဘယ်ကနတ်သားတွေလဲလို့ ပြောရင် စာတုမဟာရာဇ်၊ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတဝသဝတ္တိ နတ်ပြည်ခြောက်ထပ်ရှိတဲ့အထဲက တာဝတိံသာက နတ်သား၊ တာဝတိံသာမှာက နန္ဒဝန်ဆိုတဲ့ ဥယျာဉ်ကြီးရှိတယ်၊ နန္ဒနဝန ခေါ်တဲ့ နှစ်သက်စရာ ကောင်းတဲ့ နန္ဒဝန်ဥယျာဉ်ကြီး ရှိတယ်။

န တေ သုခံ ပဇာနန္တိ၊
ယေ န ပဿန္တိ နန္ဒနံ။
အာဝါသံ နရဒေဝါနံ၊
တိဒသာနံ ယသဿိနံ။

ဒီဂါထာကို နတ်သားတစ်ပါးက ပြောတာ။

အဲဒီတာဝတိံသာမှာလေ ပုထုဇဉ်နတ်သားလို့ ပြောရမှာပေါ့၊ တာဝတိံသာမှာက အရိယာနတ်သားတွေလည်း ရှိတယ်၊ ပုထုဇဉ်နတ်သားတွေလည်း ရှိတယ်။

http://www.dhammadownload.com



ပုထုဇဉ်နတ်သားက ဘာပြောလဲဆိုတော့

န တေ သုခံ ပဇာနန္တိ၊
ယေ န ပဿန္တိ နန္ဒနံ။
အာဝါသံ နရဒေဝါနံ၊
တိဒသာနံ ယသဿိနံ။

ယေ-အကြင်ပုဂ္ဂိုလ်တို့သည်၊ နန္ဒနံ-နန္ဒဝန်ဥယျာဉ်ကြီးကို၊ န ပဿန္တိ-မမြင်ဘူးကြလေကုန်၊ တေ-ထိုနန္ဒဝန်ဥယျာဉ်ကြီးကို မမြင်ဘူးတဲ့ပုဂ္ဂိုလ်တို့သည်၊ သုခံ-နတ်ပြည်ရဲ့ချမ်းသာအစစ်ကို၊ န ပဇာနန္တိ-သေချာမသိကြလေကုန်။

ဘယ်လောက်ထိများ ပျော်စရာ၊ ဘယ်လောက်ထိများ စိတ်ချမ်းသာစရာ၊ ဘယ်လောက်ထိများ ကြည်နူးစရာ ကောင်းသလဲ မသိဘူးနော်၊

နတ်ပြည်မှာ နန္ဒဝန်ဥယျာဉ်ရောက်မှ နတ်ချမ်းသာခံစားလို့ ပြည့်စုံတယ်ဆိုတာပဲ၊ မေးကြည့်ပါအုံးမယ်၊ လူတွေရော ဘယ်သွားမှ လူချမ်းသာပြည့်စုံတယ် ခေါ်မှာလဲ။ (ဘုန်းကြီးကျောင်းပါဘုရား)။

http://www.dhammadownload.com



ဟယ်. . . အဲ . . . ဘုန်းကြီးကျောင်းတဲ့၊ ပြောပုံကတော့၊ ယေ-အကြင်ပုဂ္ဂိုလ်တို့သည်၊ အပေါ်စက် အောက်စက်တွေနဲ့ ကြည့်လို့၊ မြင်လို့ ရနေတဲ့ ဇာတ်လမ်း၊ ဇာတ်ထုပ်အရုပ်တွေကို၊ န ပဿန္တိ-မမြင်ဘူးကြလေကုန်၊ တေ-ထိုပုဂ္ဂိုလ်တို့ သည်၊ သုခံ-လူ့ချမ်းသာကို၊ န ပဇာနန္တိ-သေချာ မသိကြလေကုန်။

အဲဒီလိုပြောရမှာလား၊ လူတွေ သေသေ ချာချာ နားလည်စေချင်တယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ လူတွေက ဘယ်ဟာကို ချမ်းသာလို့ ထင်တာလဲလို့ ပြောရင် စိတ်ချမ်းသာလား၊ အာရုံ ချမ်းသာလား၊ (စိတ်ချမ်းသာပါဘုရား)၊ အလကား ကြီးကျယ်ဖွဲ့တာ၊ သူတို့အထင်နဲ့ ပြောတာနဲ့က တခြားစီပါ။ အာရုံချမ်းသာတာကို ကြိုက်ကြ တာလား၊ စိတ်ချမ်းသာတာကို ကြိုက်ကြတာ လားလို့ ကိုယ့်ကိုကိုယ် ပြန်မေးကြည့်၊ ဟုတ်လား၊ (မှန်လှပါဘုရား)။

နန္ဒဝန်ဉယျာဉ်က စိတ်ချမ်းသာတာလား၊ အာရုံချမ်းသာတာလား၊ ဘာချမ်းသာလဲ၊ (အာရုံ

http://www.dhammadownload.com



ချမ်းသာတာပါဘုရား)၊ အာရုံချမ်းသာတာကို အကြောင်းပြုပြီးတော့ စိတ်ချမ်းသာအောင် နေကြတာက တစ်မျိုး၊ အာရုံချမ်းသာချင် ချမ်းသာ၊ မချမ်းသာချင်နေ စိတ်ချမ်းသာအောင် နေတာက တစ်မျိုး၊ ချမ်းသာနှစ်မျိုးပေါ့။

ပြန်ပြောပါမယ် - အာရုံချမ်းသာနဲ့ စိတ်ချမ်းသာ နှစ်မျိုးပါ။ စိတ်ချမ်းသာချင်တဲ့ သတ္တဝါတွေဟာ နေနည်းနှစ်မျိုးနဲ့ နေကြလေကုန်၏။ တိုက်ရိုက်မဟုတ်ဘဲနဲ့ သွယ်ဝိုက်ပြီးတော့ အာရုံချမ်းသာတာကို တွေ့ပြီးတော့မှ စိတ်ချမ်းသာအောင် နေကြတာက တစ်မျိုး၊ ဘယ်အာရုံပဲ တွေ့တွေ့၊ ဘယ်အာရုံပဲ ကြုံကြုံ၊ စိတ်ချမ်းသာအောင် နေကြတာက တစ်မျိုး၊ နေနည်းနှစ်မျိုးနော် . . .။

အို-သူတော်ကောင်းတို့ အခု တရားနာနေတဲ့ ပရိတ်သတ်အပေါင်း သူတော်ကောင်းတို့က အသံရဲ့အဓိပ္ပါယ်ကို နည်းနည်းသိပြီပေါ့၊ တကယ်သူတော်ကောင်းဖြစ်လို့ သူတော်ကောင်းလို့ ခေါ်တာလား၊ ရွှဲသံပါပြီးခေါ်သလား ဆိုတာ သိပြီပေါ့၊ (သိပါတယ်ဘုရား)။

http://www.dhammadownload.com



တရားနာ ပရိသတ်အပေါင်း သူတော်ကောင်းတို့က စိတ်ကို သွယ်ဝိုက်ပြီး ချမ်းသာချင်တာလား၊ တိုက်ရိုက် ချမ်းသာချင်တာလား၊ (တိုက်ရိုက်ချမ်းသာချင်တာပါဘုရား)။

ကဲ-ဒါဖြင့် ဘာမြင်မြင် မြင်လို့ရတယ်ပေါ့၊ ချမ်းသာအောင်။ ဘာစားစား စားလို့ရတယ်ပေါ့၊ ချမ်းသာအောင်။ ဘာကြည့်ကြည့် ကြည့်လို့ရတယ်ပေါ့၊ စိတ်ချမ်းသာအောင်။

အို-သူတော်ကောင်းတို့၊ ဉာဏ်နားလေးနဲ့ အာရုံပြုကြည့်လိုက်စမ်းပါ၊ စိတ်ချမ်းသာဖို့ တိုက်ရိုက်နေနိုင်တဲ့သူလည်း ရှိတယ်၊ အာရုံချမ်းသာအာရုံကောင်းကို ရှာပြီးတော့မှ စိတ်ချမ်းသာအောင် နေတဲ့လူလည်း ရှိတယ်၊ တို့က ဘယ်ထဲပါလဲလို့ ကိုယ့်ကို ကိုယ်ပြန်ပြီး သတိထားကြည့်ပါ။

စိတ်နဲ့အာရုံကိုတော့ သေသေချာချာ သိကြပါတယ်နော်။ ဖြူ နီ ကြောင် ကြား ကောင်းကောင်းဆိုးဆိုး ပုံသဏ္ဌာန်အမျိုးမျိုးတွေ မိမိစိတ်ထဲမှာ ပေါ်နေတတ်တယ်၊ ဖြစ်နေတတ်တယ်၊

http://www.dhammadownload.com



မပေါ်ရင်လည်း ဖော်နေတတ်တယ်၊ ဖော်လို့ပဲ ပေါ်တာဖြစ်ဖြစ်၊ အကြောင်းဆုံ အလိုလိုပေါ်တာပဲ ဖြစ်ဖြစ်၊ အဲဒါတွေဟာ အာရုံပါ၊ ဒီအာရုံတွေကို ပေါ်စေချင်တာ၊ ဖော်ချင်တာတွေက စိတ်ပေါ့၊ စိတ်နဲ့ဆိုတာပေါ့။ မြင်ချင် ကြားချင်တာလည်း စိတ်နဲ့ ဆိုင်တာပါပဲ။

စိတ်ချမ်းသာအောင် ချမ်းသာမယ် ထင်တဲ့ ချမ်းသာစရာထင်တဲ့ အာရုံတွေကို ပေါ်အောင် ဖော်တတ်ကြတယ်။ ပေါ်စေချင်နေကြတယ်၊ ကောင်းတယ်ထင်တဲ့ ကောင်းစရာထင်တဲ့ အာရုံတွေကို ဖော်စေချင်နေတယ်၊ ဖော်တတ်ကြတယ်။ ဒါပေမဲ့ ဘယ်လိုကောင်းတယ်၊ ချမ်းသာထင်တဲ့ အာရုံတွေပေါ်ပေါ် စိတ်ချမ်းသာမှု မရတာတွေလည်း ဖြစ်တတ်ကြပါသေးတယ်။

တကယ်တမ်းကတော့ စိတ်ချမ်းသာချင်တယ် ဆိုရင် သတိရှိမှ စိတ်ချမ်းသာတယ်၊ ဘာရှိမှ စိတ်ချမ်းသာလဲ၊ (သတိရှိမှ စိတ်ချမ်းသာတာပါဘုရား)၊ သတိမရှိရင် စိတ်မချမ်းသာဘူး။

http://www.dhammadownload.com



န တေ သုခံ ပဇာနန္တိ၊
ယေ န ပဿန္တိ နန္ဒနံ။
အာဝါသံ နရဒေဝါနံ၊
တိဒသာနံ ယသဿိနံ။

နန္ဒဝန်ဥယျာဉ်ကို မမြင်ဘူးကြတဲ့ပုဂ္ဂိုလ်တွေဟာ ချမ်းသာ အစစ်ကို သိတယ်။ ကြုံတယ်၊ တွေ့တယ်လို့ မခေါ်နိုင်။ နန္ဒဝန်ဥယျာဉ်ကို မြင်ပြီးမှ စိတ်ချမ်းသာတယ် ဆိုတာ စိတ်ချမ်းသာဖို့ တိုက်ရိုက်လား၊ သွယ်ဝိုက်လား၊ (သွယ်ဝိုက်ပါဘုရား)။

သွယ်ဝိုက်တဲ့နည်းတဲ့ ကိုယ့်စိတ်ကလေးချမ်းသာအောင် ကိုယ့်ဟာကိုယ် မနေတတ်တော့လေ နန္ဒဝန်ဥယျာဉ် သွားရတာပေါ့၊ ဟုတ်လား၊ (မှန်လှပါဘုရား)၊ ဒီလူတွေလည်း ဘုရားဖူးတွေဘာတွေ မသွားဘူးလား၊ (သွားပါတယ်ဘုရား)။

ဘာဖြစ်လို့ သွား၊ (စိတ်ချမ်းသာအောင်ပါဘုရား)၊ အိမ်ကဘုရားနဲ့တင် စိတ်မချမ်းသာဘူးပေါ့၊ အိမ်ကဘုရားနဲ့ ရန်ဖြစ်ထားလို့လား၊ (မဟုတ်ပါဘုရား)။

http://www.dhammadownload.com



ကိုယ်စိတ်ကလေး ချမ်းသာအောင် မနေတတ်ရင် ဟိုသွား ဒီသွား၊ ဟိုကြည့် ဒီကြည့်၊ ဟိုကိုင် ဒီကိုင် လုပ်ရတယ်လို့ ပြောရမှာပေါ့။

အို-သူတော်ကောင်းတို့ စိတ်ချမ်းသာအောင် တိုက်ရိုက်နေလိုက်စမ်းပါ၊ သွယ်ဝိုက်ပြီး နေတတ်ရုံလေးနဲ့ ကျေနပ်မနေပါနဲ့၊ တိုက်ရိုက်ချမ်းသာအောင်လည်း နေတတ်လိုက်စမ်းပါ၊ နှစ်မျိုးစလုံး နေတတ်ရမှာနော်၊ (မှန်လှပါဘုရား)။

တိုက်ရိုက်စိတ်ချမ်းသာအောင် မနေတတ်တဲ့သူကတော့ ဘာလုပ်လဲ၊ သွယ်ဝိုက်ပြီးတော့ အာရုံကောင်းတွေ လိုက်ရှာ၊ အဲဒီအာရုံကိုပဲ ဂရုတစိုက်နဲ့ ကျေနပ်တဲ့အထိ ကြည့်ပြီး စိတ်ချမ်းသာအောင် နေကြပါတယ်။

"ကောယနော ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောကပရိဒေဝါနံ သမတိက္ကမာယ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ နိဗ္ဗာနဿ သစ္ဆိကိရိယာယ" လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောထားပါတယ်။

http://www.dhammadownload.com



ကဲ-အခုလည်း ဘုရားရှင်ဟောတော်မူတဲ့ ပါဠိတော်မြွက်ကို ရွတ်သွားပါတယ်၊ ဒါပေမဲ့ သူတို့ ပါဠိစကား မတတ်တော့ ဘာမှ နားမလည်လိုက်ပါဘူး။

စောစောက တရားပွဲမှာ အဲဒီတရား ဟောလာတာပါ၊ မဟာသတိပဋ္ဌာနသုတ်ကို ပြောခဲ့ပါတယ်၊ ဟောခဲ့ပါတယ်။

မဟာသတိပဋ္ဌာန်သုတ်တော် အလိုအရ တရားအားထုတ်ရင် သတ္တဝါတွေရဲ့စိတ် စင်ကြယ်တယ်၊ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းခြင်း လွန်မြောက်တယ်၊ ဝမ်းမနည်းတတ်တော့ဘူး၊ မငိုတတ်တော့ဘူးပေါ့၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှု ချုပ်ငြိမ်းတယ်၊ ကိုယ့်ပယောဂကြောင့် ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ အဖြစ်မခံတော့ဘူး၊ အရိယမဂ်ဉာဏ် ရတယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်၊ ဒီအကျိုးတရားတွေကို ရပါတယ်။

သတိပဋ္ဌာန်နည်းအရ တရားအားထုတ်ရင် ဒီလောက်ကောင်းမြတ်တဲ့ အကျိုးတွေကို ရနိုင်

http://www.dhammadownload.com



တယ်ဆိုတော့ နည်းမှန် လမ်းမှန် သိဖို့ သတိပဋ္ဌာန် အကြောင်း နည်းနည်း ပြောပြချင်ပါတယ်။

အို-သူတော်ကောင်းတို့၊ သတိပဋ္ဌာန် ဆိုတာက နှစ်မျိုးရှိပါတယ်။ သတိပဋ္ဌာန်က (နှစ်မျိုးပါဘုရား)၊ ကာယ-အပေါင်းအစု၊ ဝေဒနာ-ခံစားမှု၊ စိတ္တ-သိတတ်မှု၊ ဓမ္မ-သဘောတရားလို့ ခေါ်တဲ့ အာရုံဖြစ်တဲ့ သတိပဋ္ဌာန်က တစ်မျိုး၊ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မလို့ခေါ်တဲ့ သတိအာရုံ (၄) မျိုးကို သတိပဋ္ဌာန်လို့ ခေါ်တာက တစ်မျိုး။

သတိယေဝ ပဋ္ဌာနံ - မိမိစိတ်ကလေးမှာ သတိလေးဖြစ်တာသည်ပင်လျှင် သတိပဋ္ဌာန်ဖြစ်တယ်၊ သတိပဋ္ဌာန်ဆိုတာ သတိဖြစ်ဖို့ ပဓာန၊ သတိက အဓိကပေါ့။ စိတ်မှာ သတိဖြစ်တာက တစ်မျိုးပေါ့။ သတိပဋ္ဌာန် ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါဘုရား)၊ အာရုံလေးမျိုးကလည်း သတိပဋ္ဌာန်၊ သတိလေးစိတ်မှာ ဖြစ်တာကလည်း သတိပဋ္ဌာန်၊ သတိပဋ္ဌာန်နှစ်မျိုး ဆိုတာကို သေချာ သိစေချင်ပါတယ်၊ (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဟိုတစ်နေ့ကပဲ မော်ဘီ ဓမ္မဒူတတောရမှာ တရားစခန်းဝင် နေတဲ့သူတွေကို ပြောပြခဲ့သေးတယ်၊ အဲဒီ သတိပဋ္ဌာန် နှစ်မျိုးအကြောင်းပေါ့။

မော်ဘီကို ယောဂီတွေ လာကြတော့ တစ်ချို့ မော်ဘီရောက်ဖူးတဲ့သူတွေလည်း တွေ့မှာပေါ့၊ ညောင်နှစ်ပင်ကွင်းဆိုတာ တွေ့တယ်မဟုတ်လား၊ (တွေ့ပါတယ်ဘုရား)။

ညောင်နှစ်ပင်ရွာမှာ ညောင်နှစ်ပင်ကွင်း ရှိတာပေါ့၊ ရွာက ညောင်နှစ်ပင်လား၊ ညောင်နှစ်ပင်က ညောင်နှစ်ပင်လား၊ (ညောင်ပင်နှစ်ပင်က ညောင်နှစ်ပင်ပါဘုရား)၊ အော် - ဟုတ်တာပေါ့၊ ညောင်ပင်နှစ်ပင်က ညောင်နှစ်ပင်ဆိုတာ ဟုတ်တာပေါ့။

ရွာက ညောင်နှစ်ပင် မဟုတ်ဘူးလား၊ (ရွာလည်း ဟုတ်ပါတယ်ဘုရား)၊ ကွင်းကရော ညောင်နှစ်ပင် မဟုတ်ဘူးလား၊ (ကွင်းကလည်း ဟုတ်ပါတယ်ဘုရား)၊ ညောင်ပင်နှစ်ပင်ကို အကြောင်းပြုပြီးတော့ ရွာကလည်း ညောင်နှစ်ပင်ရွာ၊ ကွင်း

http://www.dhammadownload.com



ကလည်း ညောင်နှစ်ပင်ကွင်း အဲဒီလို ခေါ်တာကို သဘောပေါက်စေချင်ပါတယ်။

လူတွေကလည်း ညောင်နှစ်ပင်လူတွေပေါ့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ အလုံလူတွေက ဒီရောက်လာလို့ ဘာလို့ ခေါ်တာလဲ၊ အလုံလူလို့ ခေါ်တာပါ၊ အလုံက ဘယ်မှာတုန်း ဟိုး မုံရွာက အလုံ မဟုတ်လား။

အို-သူတော်ကောင်းတို့၊ ညောင်နှစ်ပင် ကသာ ညောင်နှစ်ပင်၊ အဲဒီညောင်နှစ်ပင်ကို အကြောင်းပြုပြီးတော့ ကွင်းကိုလည်း ညောင် နှစ်ပင်ကွင်း၊ ရွာကိုလည်း ညောင်နှစ်ပင်ရွာ၊ လူ ကိုလည်း ညောင်နှစ်ပင်လူလို့ ခေါ်ကြလေကုန်၏။ တကယ်ညောင်နှစ်ပင်က ဘာလဲ၊ (ညောင်နှစ်ပင် ပါပဲဘုရား)၊ ညောင်နှစ်ပင်အကြောင်းကို နားလည် အောင် အရင်ပြောပြတာပါ၊

တကယ် သတိပဋ္ဌာန်ဆိုတာက သတိပဓာန ဖြစ်တာပါ၊ မိမိစိတ်မှာ သတိဖြစ်တာပါ၊ ထိုသတိ ဖြစ်တာကို သတိပဋ္ဌာန်ရယ်လို့ ခေါ်ပါတယ်။ အဲဒီသတိ ဖြစ်တဲ့ အခိုက်မှာ မြင်နိုင်, သိနိုင်,

http://www.dhammadownload.com



တွေ့နိုင်တာက ကာယ-အပေါင်းအစုသဘော၊ မြင်နိုင်၊ သိနိုင်၊ တွေ့နိုင်တာက ဝေဒနာ - ခံစားမှုသဘော၊ မြင်နိုင်၊ သိနိုင်၊ တွေ့နိုင်တာက စိတ် - သိတတ်မှုသဘော၊ မြင်နိုင်၊ သိနိုင်၊ တွေ့နိုင်တာက ဓမ္မ-သဘောတရား၊ ဒီသဘောတွေက သတိဖြစ်နေတဲ့ စိတ်ရဲ့အာရုံတွေပေါ့၊ ညောင်နှစ်ပင်ရှိတဲ့ ရွာလို့ ခေါ်သလိုပေါ့၊ သတိပဋ္ဌာန်တွေပဲပေါ့။

အဲဒါကြောင့် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတွေက သတိဖြစ်နေတဲ့ စိတ်ရဲ့အာရုံ လို့ ခေါ်ပါတယ်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတွေကို ရုပ်ဓာတ်၊ နာမ်ဓာတ်နဲ့ ပြောရရင် ဒီရုပ် နာမ်ဓာတ် သဘောတွေဟာ ဝိပဿနာဘူမိ၊ ဝိပဿနာ သတိဉာဏ်ရှိတဲ့ စိတ်ရဲ့ မှီရာ တည်ရာ ပြုစရာ အာရုံတွေပါပဲ။ အဋ္ဌကထာဆရာကြီးက ဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ အလိုတော်ကျကို မိန့်ထားပါတယ်။

သတိဖြစ်တာသာ အဓိကအားဖြင့် သတိပဋ္ဌာန် ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ သတိဖြစ်တာကမှ အဓိက သတိပဋ္ဌာန်တရား ခေါ်တာပါ၊ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မ ဆိုတဲ့ အာရုံသတိ

http://www.dhammadownload.com



ပဋ္ဌာန်တွေကို မိမိစိတ်မှာ သတိဖြစ်နေမှတော့ ရွေးရှာရမှာလား၊ ရွေးကြည့်ရမှာလား၊ ရွေးရှုရမှာလား၊ (မရှုရပါဘုရား)၊ မရှုရဘူးလို့ ပြောတာ မဟုတ်ဘူးနော်၊ တဏှာ မာန ဒိဋ္ဌိနဲ့ ရွေးပြီး မရှုရဘူး။ သတိဉာဏ်ရှိတဲ့ ဝိပဿနာစိတ်နဲ့ သိမြင်ရှုနေနိုင်တာကို ပြောချင်တာပါ။ သဘော ပေါက်မလွဲပါစေနဲ့။ ဘာဖြစ်နေရမှာလဲ၊ (သတိ ဉာဏ် ဖြစ်နေရမှာပါဘုရား)။

စိတ်မှာ သတိဉာဏ်ဖြစ်ရင် ကာယကိုလဲ့ညီး တွေ့နိုင်ပါတယ်၊ ဝေဒနာကိုလည်း တွေ့နိုင်ပါ တယ်၊ စိတ်ကိုလည်း တွေ့နိုင်ပါတယ်၊ ဓမ္မကိုလည်း တွေ့နိုင်ပါတယ်။

အို-သူတော်ကောင်းတို့၊ နာမ်ရုပ်ဆိုတာ လည်း သတိဉာဏ်ရှိတဲ့ ဝိပဿနာစိတ်ရဲ့ အာရုံဖြစ် တဲ့ သတိပဋ္ဌာန်တရားပါ၊ ခန္ဓာငါးပါးဆိုတာလည်း ဝိပဿနာစိတ်ရဲ့ အာရုံ သတိပဋ္ဌာန်တရားပါ၊ သတိဖြစ်၊ သတိဉာဏ်ဖြစ်တဲ့ ပုဂ္ဂိုလ်ရဲ့စိတ်၊ အဲဒီစိတ်ရဲ့ သိစရာ၊ မြင်စရာကို သိတဲ့ မြင်တဲ့

http://www.dhammadownload.com



နေရာကို အာရုံသတိပဋ္ဌာန်လို့ ခေါ်ပါတယ်။ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် နားလည်အောင် ပြန်ပြောပါမယ်၊ အာရုံကြောင့် စိတ်ချမ်းသာတာရယ်၊ သတိဖြစ်လို့ စိတ်ချမ်းသာတာရယ်၊ ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါဘုရား)။

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတစ်ခုခုကို ရှာပြီး တွေ့တဲ့အခါ စိတ်ချမ်းသာတယ်ဆိုရင် ဘာကြောင့်လဲ၊ (အာရုံကြောင့်ပါဘုရား)၊ ဘယ်အာရုံနဲ့ဆုံဆုံ စိတ်ချမ်းသာအောင် နေနိုင်တာက (သတိဉာဏ်ဖြစ်လို့ပါဘုရား)။

ဒါဖြင့် အာရုံကောင်းကို ကြည့်ပြီးတော့မှ စိတ်ကောင်းအောင် နေတဲ့သူရယ်၊ သတိလေးဖြစ်ပြီးတော့မှ စိတ်ကောင်းအောင် နေတဲ့သူရယ် ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါဘုရား)။

ဒါဖြင့်ရင် ဒီလူတွေက နေနည်းနှစ်မျိုးမှာ ဘယ်လိုနေမယ်၊ (သတိဉာဏ်ရှိပြီး စိတ်ချမ်းသာအောင် နေပါတယ်ဘုရား)၊ ဒါဖြင့် ဟိုလိုက်ရှာ၊ ဒီလိုက်ရှာ၊ ဟိုလိုက်ကြည့်၊ ဒီလိုက်ကြည့် ကာယ

http://www.dhammadownload.com



တွေ့မှုဟဲ့၊ ဝေဒနာတွေ့မှုဟဲ့၊ စိတ်တွေ့မှုဟဲ့၊ ဓမ္မတွေ့မှု ဟဲ့ရုပ်တွေ့မှုဟဲ့၊ နာမ်တွေ့မှုဟဲ့လို့ လိုက်ရှာမနေဘူးလား၊ နေလား၊ (နေပါတယ်ဘုရား)၊ အဲဒါမဟုတ်တာပေါ့၊ တကယ်က ဘာဖြစ်ရမှာလဲ၊ (သတိဉာဏ် ရှိရမှာပါဘုရား)။

အို-သူတော်ကောင်းတို့၊ ပြောလိုက်စမ်းပါအုံးမယ် - သတိတရားနော်၊ အဲဒီသတိက ဘယ်အာရုံနဲ့ဆုံဆုံ သတိဖြစ်ရင် စိတ်ချမ်းသာတယ်၊ လူတိုင်းသိပါတယ်၊ "ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အပ္ပမာဒမူလကာ" ကုသိုလ်မှန်သမျှ အပ္ပမာဒသတိရှိမှ ဖြစ်တယ်၊ အပ္ပမာဒ သတိမရှိရင် မဖြစ်ဘူး။

ကုသလံ အနဝဇ္ဇသုခဝိပါကလက္ခဏာ ကုသိုလ် ဖြစ်ရင်လည်း အပြစ်ကင်းပြီး စိတ်ချမ်းသာတယ်ဆိုတော့ အပ္ပမာဒသတိ ရှိရင်လည်း အပြစ်ကင်းပြီး စိတ်ချမ်းသာတယ်ပေါ့၊ စိတ်ချမ်းသာချင်တဲ့လူက မိမိစိတ်မှာ ဘာလေးဖြစ်ရမှာလဲ၊ (အပ္ပမာဒသတိလေး ဖြစ်ရမှာပါဘုရား)၊ ဟုတ်ကဲ့လား၊ အမြဲတမ်းဖြစ်သလား၊ (မဖြစ်ပါဘူးဘုရား)။

http://www.dhammadownload.com



ဘာလို့ မဖြစ်လဲ သတိမထားလို့၊ သတိလေး ကြည့်လိုက်စမ်း၊ သတိကလေး သနားစရာလေးပါ၊ ကုပ်ချောင်းကုပ်ချောင်းလေးနဲ့ နေလိုက်တာ၊ သနားပါတယ်၊ ကျွန်တော်ကို ခေါ်ပါဗျာ၊ ကျွန်တော်ကို ခေါ်ပါဗျာနဲ့ အခေါ်စောင့်နေတဲ့ သတိကို တွေ့လား၊ သတိက လူကြား သိပ်မတိုးဘူး၊ သတိက ကိုယ်မခေါ်ရင် သူမလာရဲဘူးတဲ့လေ။

ဒါနပြုမယ်ဟေ့လို့ သတိလေးကို ခေါ်လိုက်စမ်းပါ၊ ဒီသတိက ဒါနကုသိုလ် ဖြစ်အောင် ပြုပေးပါတယ်။ သီလဆောက်တည်မယ်ဟေ့လို့ သတိကို ခေါ်လိုက်စမ်းပါ၊ ဒီသတိက သီလဆောက်တည်ပေးပါတယ်။ သမထ အားထုတ်မယ်ဟေ့၊ ဗုဒ္ဓါနုဿတိပွားမယ် ဟေ့၊ မေတ္တာနုဿတိ ပွားမယ်ဟေ့လို့ ဆိုပြီး ဒီသတိကို ခေါ်လိုက်စမ်းပါ၊ ဒီသတိက သမထအလုပ် အားထုတ်ပေးပါတယ်။

ဘယ်လောက် သနားစရာကောင်းလဲ၊ ဟိုမှာ ကြည့်စမ်း၊ အပေါက်ဝမှာ ထိုင်နေတာ ကိုယ်ခေါ်ရင် လာတယ်။ ကိုယ်မခေါ်ရင် သူမလာရဲဘူး၊ သဘောပေါက်တယ်ပါနော်။

http://www.dhammadownload.com



ဒီလူတွေကို မေးကြည့်ပါ အုံးမယ်။ ကိုယ့်စိတ်မှာ သတိကို မခေါ်ချင်ဘူးလား၊ ခေါ်ချင်လား၊ (ခေါ်ချင်ပါတယ်ဘုရား)၊ သတိမဖြစ်ချင်ဘူးလား ဖြစ်ချင်လား၊ (ဖြစ်ချင်ပါတယ်ဘုရား)။ ဒါဖြင့် ဘာလုပ်ရမယ် ခေါ်လိုက်စမ်းပါ၊ သတိကိုပေါ့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

တစ်နေ့တစ်နေ့ သတိခေါ်တာ များလား၊ လောဘခေါ်တာ များလား၊ (လောဘ ခေါ်တာ များပါတယ်ဘုရား)၊ ဘာလုပ်ဖို့ လောဘခေါ်လဲ၊ စိတ်ညစ်ဖို့ပေါ့၊ ဒီလိုလား။

အို-သူတော်ကောင်းတို့၊ အာရုံပြုပြီး ကြည့်လိုက်စမ်းပါ၊ သတိက အမြဲအနားမှာ ရှိနေပါတယ်၊ ခေါ်မှ စိတ်မှာ ရောက်လာတယ်၊ ခေါ်မှ စိတ်မှာ ရှိနိုင်ပါမယ်၊ ခေါ်မှ စိတ်မှာ ဝင်ပေါင်းပါမယ်။

အို-သူတော်ကောင်းတို့၊ သတိကို ခေါ်နေရင် တရားအားထုတ်တယ်လို့ ခေါ်တယ်၊ ဟုတ်လား၊ မိမိတို့က သတိခေါ်နေတာလား၊ အာရုံကောင်း လိုက်ရှာခိုင်းနေတာလား၊ (အာရုံကောင်း လိုက်ရှာ ခိုင်းနေတာဘုရား)။

http://www.dhammadownload.com



ပြောလိုက်ပါမယ်၊ အာရုံ ကောင်းလိုက်ရှာနေတယ်၊ အဲဒါ လောဘ၊ အကောင်းကြိုက်တာ လောဘတရား၊ မကောင်းကြိုက်တာ ဒေါသတရား၊ ဘာမှန်းညာမှန်း မသိဘဲ မှိုန်းနေရတာက မောဟတရား။

န တေ သုခံ ပဇာနန္တိ၊
ယေ န ပဿန္တိ နန္ဒနံ။
အာဝါသံ နရဒေဝါနံ၊
တိဒသာနံ ယသဿိနံ။

"နန္ဒဝန် ဥယျာဉ်ကြီးကို မမြင်ဘူးတဲ့သူတွေဟာ နတ်ပြည်ချမ်းသာကို အပြည့်အစုံ စံစားရတယ်ဆိုတာ မဖြစ်နိုင်၊ ထုံးစံမရှိ"တဲ့၊ ပုထုဇဉ်နတ်သားပြောတာ။

နတ်ပြည်ခြောက်ထပ်မှာရှိတဲ့ နတ်တွေနဲ့နတ်ပြည်မှာ ရောက်လာကြတဲ့ ပုဂ္ဂိုလ်တွေ၊ အဲဒီပုဂ္ဂိုလ်တွေဟာ နန္ဒဝန်ဥယျာဉ်ဆိုတဲ့ တကယ်အာရုံကောင်းကို မရောက်ဘူးသမျှ နတ်တွေဟာ နတ်ချမ်းသာကို ပြည့်ပြည့်စုံစုံ မခံစားနိုင်သေး။

http://www.dhammadownload.com



ပုထုဇဉ်နတ်သားက နတ်ပြည်မှာ ရှိတဲ့ နတ်သားတွေ စိတ်ချမ်းသာဖို့အတွက် နန္ဒဝန်ဥယျာဉ် အာရုံကောင်းရှိမှ စိတ်ချမ်းသာမယ် ပြောတာပါ။

အို-သူတော်ကောင်းတို့ သာသနာတော်နဲ့ ကြုံပါလျက် ကိုယ့်စိတ်ကလေးကို ချမ်းသာအောင် မနေနိုင်ဘူးဆိုရင် သာသနာ့ချမ်းသာကို ရဖူးတယ်လို့ မခေါ်၊ ကိုယ့်စိတ်ချမ်းသာချင်ရင် စိတ်မှာ ဘာဖြစ်ရမှာလဲ၊ အပ္ပမာဒသတိ ဖြစ်နေရမယ်။

သတိက သူ့ဟာသူ ဖြစ်မှာလား၊ အလိုလို ဖြစ်မှာလား၊ (မဖြစ်ပါဘူးဘုရား)၊ ကိုယ်က ခေါ်ရမှာနော်၊ အခု မိမိတို့က ကိုယ်က သတိကို ခေါ်နေတာလား၊ စိတ်ညစ်စေတဲ့ ကိလေသာတွေကို ခေါ်နေတာလား၊ (စိတ်ညစ်စေတဲ့ ကိလေသာတွေကို ခေါ်နေတာပါဘုရား)။

စိတ်ညစ်တာက ကိုယ်ညစ်ချင်လို့ ညစ်တာလား၊ အလကားနေရင် ညစ်တာလား၊ ကဲ. . ပြောစမ်းပါ၊ စိတ်ညစ်တဲ့သူတွေ ဒီထဲပါနေတယ် မဟုတ်လား။ (ပါနေပါတယ်ဘုရား)။

http://www.dhammadownload.com



ပြန်မေးပါမယ် - စိတ်ညစ်တယ်ဆိုတာက ကိုယ်ညစ်ချင်လို့ညစ်တာလား၊ အလကား နေလို့ ညစ်တာလား၊ (အလကားနေရင်း ညစ်တာပါ ဘုရား)၊ အောင်မယ်, သူတို့က ညစ်ချင်လို့ ညစ်တာများ အလကား နေရင်း ညစ်တယ်လို့ ပြော နေတယ်၊ သူတို့ စိတ်ညစ်ချင်နေတာပါ၊ မညစ် ချင်ဘူးဆိုပေမဲ့ တစ်ခါတစ်လေ စိတ်မညစ်ဘူး လား၊ ညစ်လား၊ (ညစ်ပါတယ်ဘုရား)။

ကိုယ်ညစ်ချင်လို့ ညစ်တာလား၊ အလကား နေရင်း ညစ်တာလား၊ (အလကားနေရင်း ညစ်တာ ပါဘုရား)၊ အေး - ဟုတ်တယ်၊ အလကားနေတဲ့ လူတွေသာ စိတ်ညစ်တာပါ၊ အဲဒီအလကား နေတာကိုက စိတ်ညစ်ချင်လို့ အလကားနေတာ ပေါ့။ စိတ်ညစ်တာ ဘာလို့လဲ ဆိုရင် သတိမရှိကြ လို့ပါ၊ သတိရှိအောင် သတိဖြစ်အောင် နေရင် အလကား နေတယ်လို့ မခေါ်တော့ပါဘူး။ အလ ကားမနေ၊ သတိဉာဏ် ရှိနေရင် စိတ်ချမ်းသာနေ ပြီပေါ့။

http://www.dhammadownload.com



အလကား နေရင်း စိတ်ညစ်နေလိုက်တာ ဟော့၊ အလကားနေရင်း လောဘကြီးနေလိုက်တာ ဟော့၊ အလကားနေရင်း ဒေါသကြီးနေလိုက်တာ ဟော့ဆိုတော့ 'အလကားနေ အလကားနေ' ဆိုတာ သိတယ် မဟုတ်လား။

ဘာတဲ့တုံး၊ အလကား နေတယ်ဆိုတာ အလကားကို နေနေတာပဲ။ မှတ်ထား၊ ပြော လိုက်မယ်။ အလကား နေရင် အလကား လူဖြစ် ရော၊ အလကားနေရင် လူလည်း အလကား၊ နတ်လည်း အလကား၊ ရှင်တွေ, ရဟန်းတွေ, သီလရှင်တွေလည်း အလကား ဖြစ်ကုန်မှာပေါ့။ အလကား မူးတင်းတွေ ဖြစ်ကုန်မှာပေါ့။ ဒါဖြင့် တရားအလုပ် အားထုတ်တယ်ဆိုတာ အလကား နေရမှာလား၊ သတိလေးဖြစ်အောင် နေရမှာလား၊ (သတိလေးဖြစ်အောင် နေရမှာပါဘုရား)။

ဒီက တရားနာပရိတ်သတ်တွေက တခြား ပရိတ်သတ်တွေနဲ့ မတူပါဘူး၊ ဘာလို့တုန်းဆိုတော့ တရားကို ချစ်ခင်၊ တရားကို နှစ်သက်၊ တရားနဲ့ မွေ့လျော်၊ တရားနဲ့ ပျော်တဲ့သူတွေ ဖြစ်နေတာကိုး။

http://www.dhammadownload.com



ဦးပဥ္ဇင်းတို့က ကနေ့ ဖျားလည်း ဖျားနေတယ်၊ ဆေးထိုးပြီးတော့ တရားဟောရတာပါ၊ ဒီနေ့ည ဟောရတာကလည်း တစ်ညတည်းကိုပဲ စောစောက တစ်ပွဲ၊ အခုလည်း တစ်ပွဲဆိုတော့ နည်းနည်းမောလို့ အမောဖြေ ဟောဟောတာပေါ့၊ နာတဲ့သူတွေလည်း နားသက်သာတာပေါ့။

သေသေချာချာ စဉ်းစားကြည့်ပါ။

သာသနာနဲ့ တွေ့တုန်းမှာ သာသနာ့ ချမ်းသာရချင်ရင် ဘာလုပ်ရမလဲ၊ နန္ဒဝန်သွားကြည့်ရမှာလား၊ သတိလေးနဲ့ ပေါင်းရမှာလား၊ (သတိလေးနဲ့ ပေါင်းရမှာပါဘုရား)၊ သတိလေးနဲ့သာ ပေါင်းလိုက်စမ်းပါ။

အို-သူတော်ကောင်းတို့၊ သတိက သနားစရာကောင်းပါတယ်၊ ကိုယ်ခေါ်မှ လာဝံ့ပါတယ်၊ ကိုယ်မခေါ်ရင် မလာပါလေ၊ စားရေး သောက်ရေး နေရေး ထိုင်ရေးအတွက်နဲ့၊ စားရေးအတွက်လည်းပဲ ဘယ်သူ့ခေါ်ရမှာလဲ (သတိ)၊ စားနေရင်းနဲ့ ဘယ်သူ့ခေါ်ရမှာလဲ (သတိ)။ နေရင်း ထိုင်ရင်းလည်း ဘယ်သူ့ကို ခေါ်ရမှာလဲ၊ သတိ။

http://www.dhammadownload.com



အခု မိမိတို့က စားနေရင်းနဲ့ သတိခေါ်တာလား၊ လောဘခေါ်တာလား၊ (လောဘ ခေါ်တာပါဘုရား)၊ ဒါတောင် စိတ်ညစ်သေးတယ်နော်၊ လောဘကို ခေါ်တာကိုး၊ စားနေရင်းနဲ့ သတိမခေါ်၊ လောဘခေါ်ကြလေကုန်၏။ စားနေရင်းနဲ့ သတိမခေါ်၊ ဒေါသ ခေါ်ကြလေကုန်၏။ စားနေရင်းနဲ့ သတိမခေါ်၊ မောဟ ခေါ်ကြလေကုန်၏။ အဲဒီလို ခေါ်နေကြလို့ ကိုယ်ပဲ စိတ်ညစ်တာတွေ ဖြစ်ကြလေကုန်၏။

အို - တရားနာပရိသတ်အပေါင်း သူတော်ကောင်းတို့၊ နိဗ္ဗာန်ရောက်ချင်ရင်၊ သာသနာမှာ ချမ်းသာကို တွေ့ဖူး ကြုံဖူး ခံစားဖူးချင်ရင် သတိလေးကိုသာ ခေါ်လိုက်စမ်းပါ၊ ဘာလုပ်လုပ် သူ့ခေါ်၊ ဘာပြောပြော သူ့ခေါ်၊ ဘာပဲ စဉ်းစား စဉ်းစား သူ့ခေါ်၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။ ဟုတ်တယ်ပြောရုံနဲ့ မပြီးဘူး၊ အမြဲတမ်း သတိကိုပဲ ခေါ်ထားရမယ်။

ဘာလုပ်လုပ် သူ့ခေါ်ရမယ်၊ ဘာပြောပြော သူ့ခေါ်ရမယ်၊ ဘာတွေစဉ်းစားစဉ်းစား သူ့ခေါ်

http://www.dhammadownload.com



ရမယ်၊ သူ့ခေါ်ပြီးတော့ စဉ်းစားတာလား၊ သူ မပါဘဲ ရှေ့ရေး နောင်ရေး ပူပြီး လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေနဲ့ စဉ်းစားတာလား၊ ကိုယ့်ကိုယ်ကို သတိနဲ့ ပြန်ကြည့်စမ်းပါ။

တရားအားထုတ်တယ်ဆိုတာ ဟိုလိုဒီလို မထင်ပါနဲ့ကွယ်၊ တရားအားထုတ်တယ်ဆိုတာ ဟိုလိုဒီလို မထင်နဲ့၊ ဘယ်လိုလဲ ဆိုတာ ပြော ပါတယ်။ တိတိကျကျ၊ သတိလေးကို ခေါ်တာပဲ၊ လက်လှုပ်နေတော့လည်း သတိလေးကို ခေါ်လို့ ရ မရ၊ နားလေးစွင့်နေတော့လည်း သတိလေး ခေါ်လို့ ရ မရ၊ (ရပါတယ်ဘုရား)။

ထိုင်နေရင်းလည်း သတိခေါ်လို့ ရ မရ၊ ရပါတယ်၊ စားရင်း သွားရင်း၊ လာရင်း၊ ရုံးတက်ရင်း၊ ကျောင်းသွားရင်း၊ အလုပ်လုပ်ရင်းလည်း ဘယ်သူ့ကို ခေါ်လို့ရတယ်၊ (သတိကို ခေါ်လို့ ရတယ်)၊ ခေါ်ဖြစ်သလားဆိုတော့ မခေါ်ဖြစ်ပါ လေ၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ကဲ - တရားအားထုတ်တာ ခက်တယ် ထင်လား၊ လွယ်တယ် ထင်လား၊ (ခက်တယ်ထင်ပါ

http://www.dhammadownload.com



တယ်ဘုရား)၊ ကဲ-ပြောစမ်းပါ၊ တွန့်ဆုတ်တွန့်ဆုတ် တိုးတိုးတိုးတိုး လုပ်မနေနဲ့။ တရားအားထုတ်တာ ခက်တယ်ထင်လား၊ လွယ်တယ်ထင်လား၊ (လွယ်တယ်ထင်ပါတယ်ဘုရား)။

တရားအားထုတ်တာ ခက်တယ်လို့ ထင်ကြတဲ့ပုဂ္ဂိုလ်တွေ မခက်ဘူးလို့ ပြောချင်ပါတယ်၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ တရားအားထုတ်ရတာ လွယ်တယ်ထင်ရင်လည်းပဲ လွယ်တယ်လို့ မထင်နဲ့လို့ ပြောချင်ပါတယ်။

အရေးကြီးတာက ဘာဖြစ်လို့လဲ ဆိုရင် လွယ်တာ, ခက်တာက အဓိကမဟုတ်၊ အဓိကက သတိဖြစ်ဖို့၊ ဘာဖြစ်ဖို့လဲ၊ (သတိဖြစ်ဖို့ပါဘုရား)၊ သတိဖြစ်ဖို့ကလည်း အလိုလို ဖြစ်မှာလား၊ ကိုယ်ခေါ်မှ ဖြစ်မှာလား၊ (ကိုယ်ခေါ်မှ ဖြစ်မှာပါဘုရား)၊ ကိုယ်ခေါ်မှ ဖြစ်မှာနော်။

ဒါဖြင့် တရားအလုပ် အားထုတ်တယ် ဆိုတာ ဘယ်သူ့ ခေါ်တယ်၊ (သတိကို ခေါ်တာပါဘုရား)။ အေး-ဒီနေ့တော့ကွယ် နေမကောင်း

http://www.dhammadownload.com



တကောင်းနဲ့ အသားကြီးပဲ ဟောတော့မယ်၊ (မှန်လှပါဘုရား) အောင်မယ် - ပြောရချည်သေး 'မှန်လှပါဘုရား'တဲ့။ ခါတိုင်း ဟောတာကတော့ အစွတ်ပါတာ ကြနေတာပဲ။

အို-သူတော်ကောင်းတို့၊ သတိက နှစ်မျိုးရှိပါတယ်၊ အာရုံကို မပျောက် မမေ့အောင် လုပ်နိုင်တဲ့သတိက တစ်မျိုး၊ သိတယ်နော်၊ (မှန်လှပါဘုရား)။

နန္ဒဝန်ဥယျာဉ် သွားချင်တဲ့ပုဂ္ဂိုလ်က နန္ဒဝန်ဥယျာဉ်အာရုံကို ဖော်၊ သွားကြည့်၊ စိတ်နဲ့ကြည့်၊ မပျောက်အောင်။ ပြန်လာတော့လည်း ဖော်ကြည့်၊ စိတ်နဲ့ကြည့် မပျောက်အောင်။ အခုခေတ် လူတွေကတော့ အပေါ်စက် အောက်စက်နဲ့ အာရုံကို ကြည့်ချင်တဲ့သူက အပေါ်စက် အောက်စက်မှာ အာရုံပေါ်အောင်ဖော်၊ ပေါ်တဲ့အာရုံ မပျောက်အောင်ဖေါ်၊ အာရုံမပျောက် မပျက်အောင် ဖော်ပြီးတော့ နေကြတယ်။ အဲဒီလို နေနိုင်တဲ့ အာရုံကို မမေ့တဲ့ သတိ။

http://www.dhammadownload.com



နောက်သတိတစ်မျိုးကို ပြောလိုက်ပါမယ်၊ အသိကို မမေ့တဲ့ သတိ။ အာရုံကို မမေ့တဲ့ သတိရယ်၊ အသိကို မမေ့တဲ့ သတိရယ်၊ ဘယ်နှစ်မျိုး၊ (နှစ်မျိုးပါဘုရား)။

ဘာသတိနဲ့ ဘာသတိ၊ (အာရုံကို မမေ့တဲ့ သတိရယ်၊ အသိကို မမေ့တဲ့ သတိရယ် နှစ်မျိုးပါဘုရား)၊ ဒီလူတွေက ဘာသတိနဲ့ နေတာလဲ၊ (နှစ်မျိုးလုံးနဲ့ပါဘုရား)။ အောင်မယ် - ကြီးကျယ်လိုက်တာ၊ ဒီသတိနှစ်မျိုးတောင် အခုမှပဲ ကြားဖူးတဲ့ သူတွေကအများကြီး။

အို-သူတော်ကောင်းတို့ ပေ့ါပေ့ါတန်တန် မလုပ်လိုက်ပါနဲ့၊ တရားအလုပ် အားထုတ်နေတယ်ဆိုရင် အာရုံကို မပျောက်အောင် မမေ့အောင် လုပ်တဲ့ သတိက သမထ၊ သမထသတိ။

ဒါန သီလ သမထသတိတွေပဲလို့ ပြောချင်ပါတယ်။ ကုန်ကုန်ပြောလိုက်မယ်၊ ကုသိုလ်ဖြစ်ရင်လည်း ဒါန၊ သီလ၊ သမထကုသိုလ်ပဲ။ ဝေယျာဝစ္စကုသိုလ်ပဲ၊ အာရုံကို မပျောက်အောင် နေနိုင်တဲ့

http://www.dhammadownload.com



သတိဖြစ်ရင် ကုသိုလ်တရား ဖြစ်နိုင်ပါတယ်။ တကယ်လို့ အာရုံမပျောက် သတိရှိပါလျက် ကုသိုလ်တရားမဖြစ်ရင် ဖဲသမားသတိမျိုးပဲ ဖြစ်နေတတ်တယ်၊ ဖဲသမားက ဘာမပျောက်အောင် ဂရုစိုက်လည်း အသိမပျောက်အောင်လား၊ အာရုံမပျောက်အောင်လား၊ (အာရုံ မပျောက်အောင်ပါဘုရား)၊ ဟုတ်ကဲ့လား။

ဝိပဿနာသတိဆိုတာက အာရုံမပျောက်တဲ့ သတိလား၊ အသိမပျောက်တဲ့ သတိလား၊ (အသိမပျောက်တဲ့ သတိပါဘုရား)။ အသိမပျောက်တဲ့ သတိက အဓိကပါ၊ အသိတရား မပျောက်တဲ့ အခိုက် ဆိုင်ရာအာရုံကတော့ ရှိနေ၊ ပေါ်နေတာပါပဲ။ ဆုံခိုက်အာရုံလည်း မပျောက်ပါဘူး။

ဟိုတစ်နေ့က ကြာသပတေးနေ့၊ ကြာသပတေးနေ့ဆိုရင် အပတ်စဉ် အဘိဓမ္မာသင်တန်းရှိတယ်လေ။ အဘိဓမ္မာ သင်တန်းမှာ အဲဒါလေးပြောလိုက်တာပေါ့။ ညကျတော့ လှမ်းဖုန်းဆက်တယ်၊ အရှင်ဘုရား အာရုံမပျောက်တဲ့ သတိရယ်၊

http://www.dhammadownload.com



အသိမပျောက်တဲ့ သတိရယ် နှစ်မျိုးမှာ အသိမပျောက်တဲ့ သတိက ဘယ်လိုဟာမျိုးတုန်းတဲ့၊ မေးတယ်လေ၊ ဖြေလိုက်ပါတယ်။ 'လူမှန်းသိတာ မပျောက်နဲ့'လို့၊ ကိုယ့်ကိုယ်ကို လူရယ်လို့ သိထားရင် လူအသိကို မပျောက်စေနဲ့၊ လူဆိုရင် ဘယ်လိုနေမယ်၊ လူလိုနေမယ်၊ လူလိုနေမှ လူဖြစ်မှာ ပေါ့ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

လူဖြစ်ပြီး လူအသိမပျောက်ရင် လူလိုပဲ နေပါတယ်၊ သူတော်ကောင်းဖြစ်ပြီး သူတော်ကောင်း အသိ မပျောက်ရင် သူတော်ကောင်းလိုပဲ နေပါတယ်။

အို-တရားနာပရိတ်သတ်အပေါင်း သူတော်ကောင်းတို့၊ မိမိတို့ တကယ့်ဝိပဿနာအလုပ်အားထုတ်ပြီဆိုလျှင် အာရုံမပျောက်တဲ့သတိနဲ့ အားထုတ်ရမှာလား၊ အသိမပျောက်တဲ့သတိနဲ့ အားထုတ်ရမှာလား၊ (အသိမပျောက်တဲ့ သတိနဲ့ အားထုတ်ရမှာပါဘုရား)။ ဒီသတိကိုတော့ မပျောက်ပါစေနဲ့။

http://www.dhammadownload.com



"မကောင်းမှုတွေကို ရှောင်၊ ကောင်းမှုတွေကို ဆောင်၊ ဖြူအောင် စိတ်ကိုထား" အဲဒါ အာရုံလား၊ အသိလား၊ (အသိပါဘုရား)၊ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီလူတွေအားလုံး တရားတွေ အားထုတ်ကြပါတယ်။ အမလေး - အကြိမ်ကြိမ်အခါခါ တရားစခန်းတွေ၊ ရိပ်သာတွေ ဝင်လိုက်ကြတာ၊ အားထုတ်လိုက်ကြတာ ပြောမနေနဲ့တော့၊ အာရုံမပျောက်ဖို့ ကြိုးစားနေတာလား၊ အသိမပျောက်ဖို့ ကြိုးစားနေတာလား၊ (အသိမပျောက်ဖို့ ကြိုးစားနေတာပါဘုရား)၊ အောင်မယ် - ကြီးကျယ်တာ၊ ဟုတ်လည်း မဟုတ်ဘဲနဲ့။

ကြည့် . . . ဘယ်လို အသိမပျောက်ဖို့ ကြိုးစားရမှာတုန်း၊ နားလည်စေချင်ပါတယ်။ သူတို့က ဘာပဲ မပျောက်အောင် လုပ်နေတာလဲ၊ နှာခေါင်းဆိုလဲ နှာခေါင်း၊ ဗိုက်ဆိုလဲ ဗိုက်၊ ရင်ဘတ်ဆိုလည်း ရင်ဘတ်၊ ဘာဆိုလဲဘာ၊ ညာဆိုလဲညာ၊ မွှမွှမွှမွှဆိုလည်း မွှမွှမွှမွှ၊ ရွှရွှရွှရွှဆိုလဲ ရွှရွှရွှရွှ၊ အာရုံ

http://www.dhammadownload.com



မပျောက်အောင် လုပ်နေကြတာ၊ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)၊ သတိတော့ ဖြစ်ပါတယ် နော်၊ ဝိပဿနာဉာဏ်နဲ့ ယှဉ်တဲ့သတိဖြစ်ဖို့ ပြော ချင်တာပါ။

ဉာဏ်နားလေးနဲ့ အာရုံပြုကြည့်လိုက်စမ်းပါ၊ ဝိပဿနာအလုပ်ဆိုတာ အာရုံမပျောက်ဖို့လား၊ အသိမပျောက်ဖို့လား၊ (အသိမပျောက်ဖို့ပါ ဘုရား)။

အို-သူတော်ကောင်းတို့၊ ဉာဏ်နဲ့ ဖြေလိုက် စမ်းပါ၊ မွေးနေတာ ဘာဖြစ်ဖို့၊ (သေဖို့ပါဘုရား)၊ ဒါတော့ သိသားပဲ၊ အဲဒါ အာရုံလား၊ အသိလား၊ (အသိပါဘုရား)။ ဉာဏ်ရဲ့အာရုံ အသိလို့ ခေါ်ပါ တယ်။ စိတ်ရဲ့အာရုံ မဟုတ်တော့ပါဘူး။

ဒီသဘောတွေကိုတော့ သိထားရတာပေါ့။ မွေးထားတာ ဘာလုပ်ဖို့၊ (သေဖို့ပါဘုရား)၊ ရှင် နေတာ ဘာလုပ်ဖို့ (သေဖို့ပါဘုရား)၊ ဟုတ်လား။

ကဲ-နေစမ်းပါဦး၊ ဒီလို ပြောကြည့်ပါဦးမယ်၊ ကိုယ့်ပစ္စည်းလေး ပျောက်သွားတာရယ် အသက်

http://www.dhammadownload.com



ပျောက်သွားတာရယ်၊ ဘယ်ဟာက စိုးရိမ်စရာ ပိုကောင်းလဲ။ (အသက်ပျောက်တာ စိုးရိမ်စရာ ပိုကောင်းပါတယ်ဘုရား)၊ ကြီးကျယ်လိုက်တာ၊ အသက်ပျောက်တာ စိုးရိမ် တယ်တဲ့။

တကယ်တန်းကျတော့ အသက်ပျောက်မှာကို ခေါင်းထဲတောင် မထည့်တဲ့သူတွေ၊ မိုးလင်းတာနဲ့ အသက်မပျောက် အောင်ကြိုးစားတာလား၊ ပစ္စည်းမပျောက်အောင် ကြိုးစားတာလား၊ (ပစ္စည်းမပျောက်အောင်ပါဘုရား)၊ အဲဒါတွေပေါ့၊ ပြောတော့ တစ်မျိုး၊ လုပ်တော့ တလွဲဆိုတာ။

ဟင်း ဟင်း . . . တကယ့်ဟာလေးတွေပဲ။ ပေါ့ပေါ့တန်တန်မတွက်နဲ့. သေချာအရေးကြီးလွန်းလို့ ပြောတာ၊ တရားကလည်း သိပ်မဟောချင်ပါဘူး၊ ဘာဖြစ်လို့တုန်းဆိုတော့ ဟောရင်းဟောရင်းနဲ့ ဦးပဥ္စင်းတို့နာမည်တွေက ပျက်နေပြီ။ သူတို့က ဖျက်တာလား ကိုယ်ကြောင့်ပဲလားတော့ မသိပါဘူး၊ တစ်ချို့က ပြောကြတယ်၊ ကိုယ့်ဟာကိုယ်နေရင် အကောင်းသား၊ ဒီဘုန်းကြီးဟောတဲ့

http://www.dhammadownload.com



တရား သွားနာလိုက်ကာမှ ကိုယ့်ရှိတဲ့ တရားတွေ ကုန်ရောတဲ့ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

အောင်မယ် အောင်မယ်၊ ရှိတဲ့တရားဆိုရင် မကုန်ဘူး၊ ဘယ်တော့မှ မကုန်ဘူး၊ ရှိတယ်ထင်တဲ့ တရားဆိုရင် (ကုန်ပါတယ်ဘုရား)။ ရှိတယ်ထင် တဲ့တရားကလည်း ဘာကုန်စရာလိုလဲ၊ အစကတည်းက မရှိဘဲနဲ့ ရှိတယ် ထင်ထားတာကိုများ။

အခု တရားအလုပ် အားထုတ်ကြတဲ့ သူတော်ကောင်းတွေက အာရုံမပျောက်အောင်လား၊ အသိ မပျောက်အောင်လား၊ (အသိမပျောက် အောင်ပါဘုရား)၊ ဒီအသိကို မမေ့ပါနဲ့၊ ကြပ်ကြပ် သတိထားပါ။

ကြည့် - သာသနာနဲ့တွေ့တုန်း ပေါ့ပေါ့လုပ် မနေနဲ့၊ ဒါအရေးကြီးတယ်နော်၊ ဟုတ်လား၊ (ဟုတ် ပါတယ်ဘုရား)။ နှာခေါင်း ရှူခိုင်းရင် နှာခေါင်း အာရုံ မပျောက်အောင်၊ ရင်ဘတ် ရှူခိုင်းရင် ရင် ဘတ်အာရုံ မပျောက်အောင်၊ ဖြစ်ပျက်ရှုခိုင်းရင် ဖြစ်ပျက်အာရုံ မပျောက်အောင် ဘာတွေ လုပ်နေ

http://www.dhammadownload.com



နေကြတယ်၊ အာရုံမပျောက်အောင် လုပ်ကြနေတယ်။ ဒါတွေလည်း မှန်တာပါပဲ။

အို-သူတော်ကောင်းတို့ အာရုံကောင်းကို ကြည့်ပြီးတော့မှ စိတ်ချမ်းသာတဲ့နည်းက တစ်မျိုး၊ အာရုံကောင်းကောင်း မကောင်းကောင်း စိတ်ချမ်းသာမှုဆိုတာ အာရုံနှင့်လားလားကမှ မဆိုင် သတိလေးဖြစ်ပြီးတော့ ဉာဏ်လေးရှိရှိနဲ့ စိတ်ချမ်းသာအောင် နေနိုင်တာက တစ်မျိုး၊ နှစ်မျိုးလို့ ပြောခဲ့ပါတယ်။

သတိတော့ မဖြစ်ချင်ဘူးလား၊ ဖြစ်ချင်လား၊ (ဖြစ်ချင်ပါတယ်ဘုရား)၊ ဘာ-သတိလဲ အာရုံမပျောက်တဲ့သတိလား၊ အသိမပျောက်တဲ့ သတိလား၊ (အသိမပျောက်တဲ့ သတိပါဘုရား)။

အမလေး . . . တစ်ချို့ အသက်အရွယ်ကြီးတယ်လေ၊ ဘယ်လောက်လဲ ဆိုရင် ခုနစ်ဆယ်၊ ရှစ်ဆယ်၊ ကိုးဆယ် သူငယ်မပြန်ဘူး၊ သတိကောင်းလိုက်တာ၊ ဘယ်လောက်ထိ ကောင်းတုန်းဆိုတော့ မြေးတွေ မြစ်တွေရဲ့နာမည် အကုန်မှတ်မိတယ်၊ သူဖွက်သိမ်းထားတဲ့ ပစ္စည်းတွေလည်း

http://www.dhammadownload.com



သူမှတ်မိတယ်၊ အာရုံမပျောက်တာလား၊ အသိမပျောက်တာလား။ (အာရုံမပျောက်တာပါဘုရား)။

အာရုံမပျောက်ဘူး ဆိုရင် အထုပ်ကြီးကို အာရုံမပျောက်တော့ဘူး။ နေ့လယ်ကပဲ ဟောခဲ့ပါတယ်၊ အထုပ်မပျောက်တဲ့ သတိဆိုတာ အထုပ်ကြီးကို စွဲနေတာကြောင့်ပဲ။ အဲဒီသတိက တရားသတိမဟုတ်ဘူး။ တရားအသိကို ကိုယ်က ချစ်ရင် အဲဒီတရားသတိလေးကလည်း ကိုယ့်ကို ပြန်ပြီးချစ်တယ်၊ ဟုတ်တယ် မဟုတ်လား၊ အထုပ်ကြီးကို ကိုယ်ကချစ်ရင် အထုပ်ကြီးကလည်း ကိုယ့်ကို ပြန်ပြီးချစ်တယ်၊ လောဘကို ကိုယ်က ချစ်ရင် လောဘကလည်း ကိုယ့်ကို ပြန်ချစ်မှာပေါ့၊ မဟုတ်ဘူးလား၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

အခု ဒီလူတွေက လောဘကို ချစ်တဲ့သူတွေလား၊ သတိကို ချစ်တဲ့သူတွေလား၊ (သတိချစ်တဲ့သူတွေပါဘုရား)၊ ကိုယ်က သတိကို ချစ်ရင် သတိက ကိုယ့်ကို ချစ်ခင်ပြီး စိတ်ထဲမှာ ပေါ်လာ၊ ဖြစ်လာ၊ အမြဲရှိနေပါတယ်၊ ကိုယ်က လောဘကို

http://www.dhammadownload.com



ချစ်ရင် လောဘက ကိုယ့်ကို ချစ်ချစ်လာပြီး စိတ်ထဲမှာ ပေါ်လာတယ်၊ ဖြစ်လာတယ်၊ အမြဲရှိနေပါတယ်။ ကိုယ်က သတိချစ်တာလား၊ အထုပ်ကြီး ချစ်တာလား၊ (အထုပ်ကြီးကို ချစ်တာပါဘုရား)၊ အထုပ်ကြီးချစ်တာတဲ့။

ကိုင်း-နောက်ကတော့ အော်ကုန်ပြီ မှတ်ထား၊ အထုပ်ကြီးကြီး အထုပ်သေးသေး၊ အထုပ်သေးသေးပြောလိုက်တော့ ကျစ်ကျစ်ကလေးတွေ ထုပ်ထားတာ၊ ဟုတ်လား၊ အထုပ်သေးကို ကိုယ်က ချစ်ရင်၊ အထုပ်ကိုချစ်ရင် အထုပ်ကလည်း ကိုယ့်ကို ချစ်တယ်၊ ကိုယ်က အထုပ်ကလေး အမှတ်ရပြီး အထုပ်အာရုံလေး ပေါ်ပြီးတော့ သေသွားတယ်။ အထုပ်က ဘယ်လောက်ချစ်လဲ ဆိုတော့ 'ဝေးဝေး မသွားနဲ့၊ ငါ့နားလာ၊ ပြိတ္တာဖြစ်'တဲ့ ဟုတ်လား၊ အထုပ်ချစ် ပြိတ္တာ၊ အထုပ်စောင့် ပြိတ္တာဖြစ်တာပေါ့။ (ဟုတ်ပါတယ်ဘုရား)။

တရားသတိကို ကိုယ်က ချစ်ရင် တရားသတိက ကိုယ့်ကို ချစ်တယ်၊ တရားရှိတဲ့သူ ဖြစ်

http://www.dhammadownload.com



ရောပေါ့။ လောဘကို ကိုယ်က ချစ်ရင် လောဘက ကိုယ့်ချစ်တယ်၊ အထုပ်ကို ကိုယ်က ချစ်ရင် အထုပ်ကလည်း ကိုယ့်ကို ချစ်တယ်၊ ခွါနိုင်လား၊ (မခွာနိုင်ပါဘုရား)။

သတိနဲ့အထုပ်ကြီး ဘယ်ဟာ ပိုပျောက်မှာ စိုးလဲ၊ (အထုပ်ကြီးပါဘုရား)၊ ကောင်းရော ကောင်းရော၊ အထုပ်ကြီး ပျောက်မှာ စိုးရိမ်တယ်ဆိုရင် ပြဿနာကြီး သေချာတယ်။

သူတော်ကောင်းတို့၊ ပေါ့ပေါ့တန်တန် မတွက်လိုက်စမ်းပါနဲ့၊ ကြည့်၊ ပစ္စည်းဥစ္စာ ပျောက်တာရယ်၊ အသက်ပျောက်တာရယ် ဘယ်ဟာ ပိုစိုးရိမ်ဖို့ကောင်း၊ ဉာဏ်နဲ့အာရုံပြုလိုက်စမ်းပါ။ (အသက်ပျောက်တာပါဘုရား)။

အသက်ပျောက်တာ စိုးရိမ်ဖို့ကောင်းတယ်လို့ ပြောတော့ စိုးရိမ်လည်း သေမှာပဲ၊ မစိုးရိမ်လည်း သေမှာပဲ။ အဲဒီအသိရှိလဲ သေရမှာပဲ၊ အသိမရှိလဲ သေရမှာပဲ။ မဟုတ်ဘူးလား၊ (ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ကဲကွယ် . . . ဒီလောက်တောင် ရှိလှတာ၊ ပြောပစ်လိုက်ပြီကွယ်၊ စိုးရိမ်လည်း သေမှာပဲ၊ မစိုးရိမ်လည်း သေမှာပဲ၊ အဲသလိုဆို ဘယ်လိုသေမလဲ၊ (မစိုးရိမ်ဘဲနဲ့ သေပါမယ်ဘုရား)။

အောင်မယ်- မြန်လိုက်တာ၊ တရားရတာ ကနော် ဟောတောင် မဟောရသေးဘူး၊ မစိုးရိမ်ဘဲနဲ့တောင် သေနိုင်ပြီတဲ့၊ မစိုးရိမ်ဘဲနဲ့ သေနိုင်တဲ့ လူဟာ တရားရှိမှ အေးအေးချမ်းချမ်း သေနိုင်တာ။ တကယ်တွက်ကြည့်ကြနော်၊ လူတွေက အသက်ပျောက်မှာကိုတော့ မစိုးရိမ်ဘဲနဲ့၊ ပစ္စည်းပျောက်မှာ စိုးရိမ်နေကြတယ်။ စိုးရိမ်လည်း ပျောက်မှာပဲ၊ မစိုးရိမ်လည်း ပျောက်မှာပဲ။ ပျောက်ချိန်တန်ရင် ပျောက်ဖို့ အကြောင်းဆုံရင် ပျောက်မှာပဲ။

အဲဒီကြားထဲ လာသေးတယ်၊ အငေါ်တူးပြီး တော့လေ၊ 'အရှင်ဘုရား မထူးသေမှာပဲ'တဲ့။ ဒီလိုဆိုရင် သေမဲ့အတူတူ ဘာမှ တရားအလုပ် မလုပ်တော့ဘဲနဲ့ ဇိမ်ကျကျပဲ နေတော့မယ်တဲ့၊ အငေါ်တူးတာ။ ဒါဖြင့် ပစ္စည်းကရော ရထားရင် မထူးပျောက်မှာပဲ၊ မရှာနဲ့တော့၊ မဟုတ်ဘူးလား၊

http://www.dhammadownload.com



အသိရှိပါနော်၊ ပစ္စည်းပျောက်ရင် စိုးရိမ်စရာ လိုသေးလား၊ ကြည့်။ ရထားတာ ဘာလုပ်ဖို့၊ ပျောက်ဖို့၊ ရှိထားတာ ဘာလုပ်ဖို့ ပျောက်ဖို့၊ ပိုင်ထားတာ ဘာလုပ်ဖို့ ပျောက်ဖို့။

အဲဒါလေးကျတော့ သတိဉာဏ်က မထင်ဘူး၊ ဉာဏ်က သိလိုက်စမ်းပါ။ ကိုယ်ရှိထားတာ ဘာဖြစ်ဖို့ ပျောက်ဖို့၊ ပစ္စည်းဆိုတာ သေကွဲ ကွဲရင်ကွဲမယ်၊ မကွဲရင် ရှင်ကွဲကွဲမယ်၊ ဟုတ်လား၊ ပစ္စည်းဥစ္စာတွေ ကိုယ့်ရှိတယ် ဆိုတော့ ကိုင်း-သူနဲ့ကိုယ်နဲ့ အမြဲနေရမှာလား၊ ခွဲရမှာလား၊ (ခွဲရမှာပါဘုရား)၊ သူက ခွဲရင်ခွဲ၊ မခွဲရင် ကိုယ်က ခွဲမှာ ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)။

ဆိုပါစို့၊ ကဲ-စိန်နားကပ် ရှိတယ် ဆိုပါစို့၊ ဟုတ်လား၊ သူများအခိုးခံရတော့ ဘာဖြစ်သွားလဲ၊ ရှင်ကွဲ ကွဲတာ၊ ကိုယ်သေတော့ သေကွဲကွဲတာ၊ နားလည်ပါတယ်နော်၊ ကဲ . . . ဒီလူတွေက စိန်နားကပ်နဲ့ ရှင်ကွဲကွဲ ချင်လား၊ သေကွဲကွဲချင်လား၊

http://www.dhammadownload.com



အမယ်-မဖြေဘူး ကြည့်စမ်း။ စိန်နားကပ် မရှိဘူး နဲ့ တူတယ်။

ကဲ-ရှင်ကွဲကွဲချင်လား၊ သေကွဲကွဲ ချင်လား၊ (ဘာမှ မကွဲချင်ပါဘုရား)၊ မကွဲချင်လို့ ရမလား၊ သဘောပေါက်၊ အမလေး - စိန်နားကပ်ဆိုတော့ ဒကာကြီးတွေက မျက်စိမှိတ်ပြီးတော့ ပြုံးပြုံးပြုံးပြုံး သူတို့နဲ့မဆိုင်ဘူးပေါ့လေ၊ ဒကာမကြီးတွေနဲ့ပဲ ဆိုင်တာကိုး၊ သေသေချာချာ စဉ်းစားကြည့်၊ ရှင်ကွဲကွဲရင်ကွဲ၊ မကွဲရင် ဘာလဲ၊ (သေကွဲကွဲပါမယ် ဘုရား)၊ ဘယ်လိုကွဲချင်လဲ ပြော။

ဟင် . . . ပေါ့ပေါ့တန်တန် မတွက်လိုက် ပါနဲ့၊ အို - သူတော်ကောင်းတို့၊ သတိအစစ်၊ ဝိပဿနာဉာဏ်သတိ၊ နိဗ္ဗာန်ရောက်စေတဲ့ ဉာဏ် သတိဆိုတာက အာရုံမပျောက်ရတာလား၊ အသိ မပျောက် ရတာလား၊ (အသိမပျောက်ရတာပါ ဘုရား)။

ရှင်နေတာ ဘာဖြစ်ဖို့ သေဖို့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ ရှင်နေတာ ဘာဖြစ်ဖို့၊

http://www.dhammadownload.com



သေဖို့၊ ဒါကျ သိပ်မပြောရဲဘူး။ ကြည့်စမ်းပါ၊ သူတို့မျက်နှာတွေက ပြောလိုက်တာနဲ့ လိုက်ပြီး သေရတော့မလို ဖြစ်နေလိုက်ကြတာပဲ။

အို-သူတော်ကောင်းတို့၊ ဉာဏ်မျက်စိလေးနဲ့ ကြည့်လိုက်ကြစမ်းပါ၊ သတိလေးမှာ ဉာဏ်လေး ကပ်ပြီးတော့ သဘောပေါက်လိုက်စမ်းပါ။

အခု ရှင်နေတာ ဘာလုပ်ဖို့၊ (သေဖို့ပါဘုရား)၊ ဟုတ်ကဲ့လား၊ ထိုင်နေရတာလည်း (သေဖို့ပါဘုရား)၊ ဟုတ်ကဲ့လား၊ ရပ်နေတာလည်း (သေဖို့ပါဘုရား)၊ သွားနေတာလည်း (သေဖို့ပါဘုရား)၊ စားနေတာလည်း (သေဖို့ပါဘုရား)။

အဲသလောက် သဘောပေါက်ရင် အားရပါးရကို သာဓုလို့ ခေါ်လိုက်ချင်တယ်၊ ဘယ်လိုလဲ ခေါ်လိုက်ရတော့မလား၊ မသိပါဘူး၊ မလုပ်နဲ့နော်၊ ပါးစပ်က ပြောရုံလေးနဲ့ ဒီလောက်သိရုံနဲ့ မရဘူး နော်၊ တကယ်ကို သဘောပေါက်စေချင်ပါတယ်။ အာရုံအပျောက် မခံရမှာလား၊ အသိအပျောက် မခံရမှာလား၊ (အသိအပျောက် မခံရမှာပါဘုရား)။

http://www.dhammadownload.com



မိုက်တယ် မိုက်တယ်ဆိုတာ အာရုံပျောက်လို့ မိုက်တာလား၊ အသိပျောက်လို့ မိုက်တာလား၊ (အသိပျောက်လို့ မိုက်တာပါဘုရား)။

အို-သူတော်ကောင်းတို့၊ လိမ္မာချင်ရင် အသိမပျောက်လိုက်ပါနဲ့၊ တိုးတက်ချင်ရင် အသိမပျောက်လိုက်ပါနဲ့၊ ချမ်းသာတွေကို ခံစားချင်ရင် အသိမပျောက်လိုက်ပါနဲ့၊ နိဗ္ဗာန်တိုင်ထိ ရောက်ချင်ရင် အသိမပျောက်လိုက်ပါနဲ့၊ စောစောက ပြောနေတဲ့ နတ်သားက ပုထုဇဉ်နတ်သား။

'တာဝတိံသာနတ်ပြည်မှာရှိတဲ့ နန္ဒဝန်ဥယျာဉ်၊ အဲဒီ ဥယျာဉ်ကို မမြင်ဘူးသေးရင် နတ်ပြည်ချမ်းသာအစစ်ကို မမြင်ဖူးသေးဘူး၊ နတ်ဖြစ်ပြီးတော့ နန္ဒဝန်ဥယျာဉ်ကို မြင်ဖူးမှသာလျှင် နတ်ချမ်းသာ နတ်စည်းစိမ်ကို အပြည့်ခံစားရတယ်၊ ချမ်းသာအစုံ ခံစားရတယ်လို့ ခေါ်နိုင်တယ်'တဲ့။

အဲဒါကို တွေ့တဲ့ ကြားတဲ့ နတ်သားက ပြောတယ်၊ အဲဒီနတ်သားက အရိယာ၊ အရိယာနတ်သားက ပြောတာ -

http://www.dhammadownload.com



န တွံ ဗာလေ ပဇာနာတိ၊
ယထာ အရဟတံ ဝစော။
အနိစ္စာ သဗ္ဗသင်္ခါရာ၊
ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဗာလေ-အိုမိုက်တဲ့နတ်သား၊ တွံ-သင်သည်၊ န ပဇာနာတိ-ဘာမှသေချာမသိပါ၊ ဘာကို မသိတာလဲ ဆိုရင်

ယထာ အရဟတံ ဝစော - အရဟတံ-ရဟန္တာ အရှင်မြတ်ကြီးတို့၏၊ ဝစော- ပြောတဲ့စကားကို၊ တွံ-သင်သည်၊ ယထာ-ပြောတဲ့အတိုင်း၊ န ပဇာနာတိ-သေချာမသိပါ၊ သူတို့ပုထုဇဉ်အမြင်၊ ပုထုဇဉ်အသိနဲ့သာ သိပေမဲ့ အမှန်ကို မသိဘူးကိုး။

ပုထုဇဉ်ဆိုကတည်းကိုက ပုထုဇဉ်နဲ့အရိယာ ဘယ်သူ့ရဲ့အသိက သာသလဲ၊ အရိယာရဲ့အသိက အသိသာပါတယ်။

အရိယာဖြစ်တယ်ဆိုတာ ဘာပါသွားတာလဲ ဆိုရင် အသိအမြဲပါသွားတာ၊ သမ္မတ္တနိယတတဲ့၊

http://www.dhammadownload.com



သောတာပန်ဖြစ်သွားပြီ၊ အရိယာဖြစ်သွားပြီဆိုရင် သမ္မတ္တနိယတ အသိဉာဏ်မြဲသွားပြီ။

အာရုံမြဲတာလား၊ အသိမြဲတာလား၊ (အသိမြဲတာပါဘုရား)၊ ဟုတ်ကဲ့လား၊

'မွေးသမျှ သေတယ်' ဆိုတဲ့ အသိမြဲတယ်။

'ဖြစ်သမျှ ပျက်တယ်' ဆိုတဲ့အသိ မြဲတယ်။

'ပေါ်သမျှ ချုပ်တယ်'ဆိုတဲ့ အသိမြဲတယ်။

'အကြောင်းရှိလို့ အကျိုးဖြစ်တယ်'ဆိုတာကို အသိမြဲတယ်။

'အကြောင်းချုပ်ရင် အကျိုးချုပ်မယ်' ဆိုတာ အသိမြဲတယ်။ အဲဒီအသိဉာဏ် မြဲနေတယ်ဆိုတာက တရားအသိကြောင့် မြဲတာ၊ အဲဒီတရား အသိမျိုးရှိအောင် အားထုတ်ရမှာ။

ဒို-သူတော်ကောင်းတို့၊ အာရုံမြဲရမှာလား၊ အသိမြဲရမှာလား၊ (အသိမြဲရမှာပါဘုရား)။

အခု အားထုတ်နေလာခဲ့တာတွေက ဘယ်လို အစွဲထုတ်ပြီးနေလာတာလဲ၊ အာရုံမြဲအောင်

http://www.dhammadownload.com



လား၊ အသိမြဲအောင်လား၊ (အာရုံမြဲအောင်ပါဘုရား)၊ အာရုံမြဲအောင် အားထုတ်၊ အာရုံမြဲအောင် ဂရုစိုက်တော့ရော ဒီအာရုံက မြဲသလား၊ (မမြဲပါဘုရား)၊ ပရမတ်မှန်ရင် မမြဲပါ၊ ရုပ်နာမ် အစစ်ဆိုရင် မမြဲပါ၊ ခန္ဓာငါးပါးအစစ်ဆိုရင် မမြဲပါ။ သို့ပါသော်လည်း ကိုယ်ထင်တဲ့ တရားကို ကိုယ်က ကြည့်ချင်၊ ကိုယ့်ကြည့်ချင်တာကို ကိုယ်က မြဲအောင် အထင်နဲ့လုပ်၍ ကြည့်ကြလေကုန်၏။

အို-သူတော်ကောင်းတို့ အာရုံပြုကြည့်လိုက်စမ်းပါ၊ ကြိုက်တဲ့အာရုံကို ရှု ကာယ၊ ဝေဒနာ၊ စိတ္တာ၊ ဓမ္မ။ ကြိုက်တဲ့အာရုံကို ရှု နာမ်ရုပ်။ ကြိုက်တဲ့ အာရုံကို ရှု၊ နှာခေါင်း၊ ရင်ဘတ်၊ ဗိုက် အဲဒီ အာရုံတွေကိုရှုပါ။

အာရုံပျောက်ရင် စိတ်ဆင်းရဲတတ်ကြလေကုန်၏၊ ဘာဖြစ်လို့လဲဆိုတော့ အာရုံမြဲအောင် လုပ်နေတာကိုး၊ အဲဒီ အာရုံမပျောက်အောင် လုပ်နိုင်တဲ့သတိကို အဟုတ် ထင်ကြလေကုန်၏၊ ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ အသိမြဲဖို့။

http://www.dhammadownload.com



အဲဒါလေး ဟောချင်လို့ ဒီတရားကို လာပြီး ဟောတာပါ၊ ဘယ်လောက်ထိ အသိမြဲရမှာလဲ၊ အမြဲတမ်း နိယတမြဲရမှာ။

ရှင်နေတယ် ဆိုတာဟာ သေသည်မှတစ်ပါး အခြားမရှိ ဟုတ်လား၊ ဖြစ်နေတယ် ဆိုတာဟာ ပျက်သည်မှတစ်ပါး အခြားမရှိ ဟုတ်တယ်နော်၊ သဘောပေါက်လား၊ (သဘောပေါက်ပါတယ် ဘုရား)။

ကဲ-ဒါဖြင့် မေးကြည့်ပါဦးမယ်၊ (ဆံပင် ဖြူသွားတာရယ်၊ ဆံပင်ကျွတ်သွားတာရယ် ဘယ် ဟာကို စိုးရိမ်သောက ပိုဖြစ်၊ (နှစ်မျိုးစလုံး ဖြစ်ပါတယ်ဘုရား)၊ ဟင်. . ဆံမဲနေတာဟာ ဘယ် မှာ အဆုံးသတ်မယ်၊ (ဖြူတာပါဘုရား)၊ ဆံပင် ခေါင်းမှာ တပ်နေတာဟာ ဘယ်မှာ အဆုံးသတ် မယ်၊ (ကျွတ်တာပါဘုရား)၊ မထူးလည်း ဖြူမှာပဲ၊ မထူးလည်း ကျွတ်မှာပဲ ဟုတ်လား၊

ကဲ-ဒီလိုမေးမယ်၊ ဆံပင်တစ်ချောင်း ကျွတ် တာရယ်၊ သွားတစ်ချောင်း ကျွတ်တာရယ် ဘယ်

http://www.dhammadownload.com



ဟာ သောက ပိုပြီးဖြစ်သလဲ၊ (သွားတစ်ချောင်း ကျွတ်တာပါဘုရား)။ အေးပေါ့။ ဆံပင်က အများကြီးရှိတာပဲ၊ သွားက သုံးဆယ့်နှစ်ချောင်းပဲ ရှိတာ၊ နည်းနည်းလေးပဲ၊ ဒါတင် ဘယ်ကမလဲ၊ အစား အသောက်နဲ့ ပတ်သက်ပြီး ဆံပင်က အစာစားရာမှာ အသုံးမလို၊ ဝါးမှုလည်းမဝါးတတ်ဘဲ၊ သွားက တော့ အစာစားတဲ့ နေရာမှာ သွားမပါရင် အစာ ဝါးရခက်သကိုး၊ ဟုတ်လား (ဟုတ်ပါတယ်ဘုရား)။

အို - သူတော်ကောင်းတို့၊ ဉာဏ်ကလေးနဲ့ အာရုံပြုကြည့်လိုက်စမ်းပါ၊ ဆံပင်တွေက အများကြီး၊ တစ်ချောင်းကျွတ်သွားရင် ကိစ္စမရှိဘူး၊ သွားကျတော့ ဘယ်နှစ်ချောင်းပဲ ရှိတယ်၊ ၃၂-ချောင်းပဲ ရှိတယ်၊ တစ်ချောင်းကျွတ်ရင် ၃၁-ချောင်းပဲ ကျန်တော့တယ်၊ အကုန်ကျိုးရင် ဒုက္ခပဲပေါ့။

ဒါဖြင့် ဆံပင်ကျွတ်တာရယ်၊ သွားကျွတ်တာရယ်၊ မျက်လုံးကျွတ်တာရယ် ဘယ်ဟာက ပိုပြီး သောကဖြစ်သလဲ၊ (မျက်လုံးကျွတ်တာက ပိုပြီး သောက ဖြစ်ပါတယ်ဘုရား)၊ အေးပေါ့၊ တစ်လုံးပဲ ကျန်တော့တာကိုး။

http://www.dhammadownload.com



တော်တော် ရှိစရာကောင်းတဲ့ သတ္တဝါတွေလို့ ပြောရမှာပဲနော်၊ ကိုယ်က ပိုပြီးတန်ဖိုးထားတဲ့ ဟာကျတော့လေ၊ ပိုပြီးနှမြောတယ်၊ ပိုပြီး သောကဖြစ်တယ်၊ ပိုပြီးစိုးရိမ်တယ်၊ ပိုပြီး စိတ်ညစ်ရတယ်။ ပိုပြီး သတိလွတ်တယ်လို့ ပြောရမှာပေါ့။

လောဘကြီးလေလေ သတိလွတ်လေလေ၊ ဒေါသကြီးလေလေ သတိလွတ်လေလေ၊ မောဟကြီးလေလေ သတိလွတ်လေလေ။ မိမိစိတ်မှာ လောဘကို ခေါ်၊ ဒေါသကို ခေါ်၊ မောဟကို ခေါ်၊ သူတို့နှင့်သာ ဒီစိတ်က အပျော်ကြီးပျော် နေရင် သတိက ဒီစိတ်ကို ဘယ်တော့မှ မလာတော့ပါပေ။

အို-သူတော်ကောင်းတို့၊ သတိလေးမြဲအောင် ဘယ်သူက လုပ်တယ်၊ မိမိကိုယ်တိုင်ပဲ လုပ်ပါတယ်၊ ကိုယ်တိုင်ကြိုးစားပါ၊ အသိလေးကို မြဲအောင် သတိက လုပ်ပဲတယ်၊ အဲဒီအသိလေး ကြောင့်ပဲ သတိက ဖြစ်ဖြစ်နေရပါတယ်၊ သတိလေးက ပိုပြီး ကောင်းလာပါတယ်၊ သတိလေးက ဘယ်သူကို မြဲအောင် လုပ်တယ်၊ အသိကို မြဲ

http://www.dhammadownload.com



အောင်လုပ်တယ်၊ အဲ့ဒီ-အသိလေးကပဲ သတိလေး အားကောင်းအောင် လုပ်ရပါတယ်။

ပေါ့ပေါ့တန်တန် မတွက်လိုက်စမ်းပါနဲ့၊ အသိတစ်လုံးသာပိုင်ရင် လူကဘယ်လိုနေရမလဲ၊ လူလိုနေပေါ့။ ရှင်သာမဏေ, ကိုရင်တွေက ဘယ်လို နေရမယ်၊ ရှင်သာမဏေလို နေပေါ့၊ ရဟန်းတွေက ရဟန်းတွေလို၊ အမေက အမေလို နေကြရမှာပါ။ အဲဒီလို အမှန်အတိုင်း သိတာက အသိပါပဲ။ အဖေက အဖေလို၊ သားသမီးက သား သမီးလို အဲဒ့ီဟာကလဲ အသိတရားတွေပါ၊ အသိ တရားမပျောက်ရင် ကျေးဇူးများပါတယ်။

လူကလူလို မနေကြတော့ ဒုက္ခရောက်နေ ရတဲ့ လောကကြီး ဖြစ်နေတာပေါ့၊ မိဘက မိဘလို မနေလို့ ဒုက္ခရောက်နေရတဲ့ လောကကြီး၊ သား သမီးက သားသမီးလို မနေလို့ ဒုက္ခရောက်နေရတဲ့ လောကကြီး၊ ဟုတ်သလား၊ (ဟုတ်ပါတယ်ဘုရား)။

ဒီတရားနာ ပရိသတ်အပေါင်း သူတော် ကောင်းတွေမှာ အသိလေး မရှိဘူးလား၊ ရှိလား၊

http://www.dhammadownload.com



(ရှိပါတယ်ဘုရား)၊ မကောင်းမှု ရှောင်မှာလား ကောင်းမှု ရှောင်မှာလား၊ (မကောင်းမှုရှောင်မှာပါ ဘုရား)၊ မကောင်းမှုဆောင်မှာလား၊ ကောင်းမှု ဆောင်မှာလား၊ (ကောင်းမှုဆောင်မှာပါဘုရား)၊ ဖြူအောင် စိတ်ကို ထားမှာလား၊ ညစ်အောင် စိတ်ကို ထားမှာလား၊ (ဖြူအောင် စိတ်ကို ထားမှာ ပါဘုရား)။

အဲဒီ့ အသိကလေးကို မမေ့ရင်ကိုပဲ နိဗ္ဗာန် ရောက်တယ်၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား၊) ဒီလိုပဲ မေးကြည့်ပါဦးမယ်။ တရားစခန်းတွေ၊ ရိပ် သာတွေ မသွားဖူးလား၊ သွားလား၊ (သွားပါတယ် ဘုရား)၊ တရားအားမထုတ်ဖူးလား၊ အားထုတ် လား၊ (အားထုတ်ပါတယ်ဘုရား)။

ဘာလဲ အသိမမေ့အောင် အားထုတ်တာ လား၊ အာရုံမမေ့အောင် အားထုတ်တာလား၊ (အသိမမေ့အောင် အားထုတ်တော့မှာပါဘုရား)၊ ဘာအသိတွေ မမေ့အောင်၊ ဘာသတိတွေ မပျောက်အောင် အားထုတ်စရာလိုလဲ၊ ပြောကြ စမ်းပါဦး။

http://www.dhammadownload.com



(မကောင်းမှုရှောင်၊ ကောင်းမှုဆောင်။ ဖြူအောင် စိတ်ကိုထားပါဘုရား)၊ မမေ့နဲ့ပေါ့၊ ဟင်း-ဒီလောက် အသိကို မမေ့ရင်ပဲ တော်ပါပြီ။

န တွံ ဗာလေ ပဇာနာတိ၊
ယထာ အရဟတံ ဝစော။
အနိစ္စာ သဗ္ဗသင်္ခါရာ၊
ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

အို - နတ်မိုက်၊ ရဟန္တာပုဂ္ဂိုလ်တွေ ပြောတဲ့ စကားကို သင်မိုက်တဲ့နတ်က လုံးဝမသိနိုင်ပါ။

သဗ္ဗသင်္ခါရာ-အလုံးစုံသော ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည်၊ အနိစ္စာ-ဖြစ်ပြီးသည့်နောင် တည်ထောင်နိုင်စွဲ မရှိပဲကြောင့် မမြဲလုံးလုံး အသုံးမကျ အနိစ္စတို့ ဖြစ်ကြပါပေကုန်၏။

ဘာတွေ ဖြစ်လာဖြစ်လာ၊ ဘာတဲ့လဲ၊ မမြဲဘူးတဲ့၊ ဖြစ်ပြီးသည့်နောင် တည်ထောင်နိုင်စွဲ မရှိပဲကြောင့် မမြဲလုံးလုံး အသုံးမကျ အနိစ္စတို့

http://www.dhammadownload.com



ပါတကား၊ ဖြစ်ပြီးသည့်နောင် တည်ထောင်နိုင်စွဲ မရှိပဲကြောင့် မမြဲလုံးလုံး အသုံးမကျ ဒုက္ခတို့ ပါတကား၊ ဖြစ်ပြီးသည့်နောင် တည်ထောင်နိုင်စွဲ မရှိပဲကြောင့် မမြဲလုံးလုံး အသုံးမကျ အနတ္တတို့ပါ တကား။ ဒါတွေက လောကဓမ္မရဲ့ အမှန်တရားတွေ ပါပဲ။

လောကကြီး တစ်ခုလုံးကို ကြည့်လိုက်ကြ ပါကုန်လော့၊ နန္ဒဝန်ဥယျာဉ်ကိုပဲ ကြည့်ကြည့်၊ ဘာပဲကြည့်ကြည့်၊ တစ်လောကလုံးရဲ့ သဘော၊ သဘာဝတွေက တူတူပါပဲ။ သဘောပေါက် နား လည်လိုက်ကြပါကုန်လော့။

ဘုရားအပါအဝင် တကယ့်ရဟန္တာ အရှင် မြတ်ကြီးတွေ ဟောတဲ့စကားကို မင်း မသိပါလေ၊ တကယ်ချမ်းသာတာက နန္ဒဝန် မဟုတ်၊ တကယ် ချမ်းသာတာက အာရုံမဟုတ်၊ သိပြီလား။

ဒီနေရာမှာ အာရုံဆိုတာက လောကီအာရုံ တွေကို ပြောတာ၊ လောကီအာရုံကြိုက်တဲ့ သူ ကတော့ သူ့ဘာသာ သူ့လောဘနဲ့ သူ့သဘော

http://www.dhammadownload.com



ကျပြီး ကောင်းမယ်ထင်တဲ့ အာရုံကို ကြည့်ပြီး ချမ်းသာနေတယ်လို့ ထင်မှာပဲ၊ တကယ်တမ်းကျတော့ ဘုရားရှင်ကိုယ်တော်မြတ် ကြီးအပါအဝင် ရဟန္တာအရှင်မြတ်တွေ မိန့်တာကို ကြည့်လိုက်စမ်းပါ။

သဗ္ဗေ သင်္ခါရာ အနိစ္စာ၊
သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊
သဗ္ဗေ ဓမ္မာ အနတ္တာ၊
အနိစ္စာ သဗ္ဗသင်္ခါရာ၊
ဥပ္ပါဒဝယဓမ္မိနော"

ဥပ္ပါဒဝယဓမ္မိနော- ဖြစ်ပြီးသည့်နောင် တည်ထောင်နိုင်စွဲ မရှိပဲကြောင့် မမြဲလုံးလုံး အသုံးမကျ ဖြစ်၍ ပျက်၍ နေကြလေကုန်၏၊

ဖြစ်ပြီးရင် ဘာပဲလာမှာလဲ၊ ပျက်။ ဖြစ်ခြင်းသဘောသည်၊ ဖြစ်တာသည်, ပျက်သည်မှ တစ်ပါးဘာမှမရှိဘူးတဲ့၊ မွေးတာလည်း သေသည်မှတစ်ပါးဘာမှမရှိဘူးတဲ့၊ ရတာလည်း ကုန်သည်မှတစ်ပါးဘာမှမရှိဘူးတဲ့။ ဆုံရကြုံရတာလည်း ကွေကွင်းရသည်မှတစ်ပါး ဘာမှ မရှိဘူးတဲ့။

http://www.dhammadownload.com



အဲ့ဒါလေးလောက် သဘောပေါက်ရင်ကိုပဲ တော်တော်နေတတ် ထိုင်တတ်လာပါပြီ။

နန္ဒဝန်ဥယျာဉ်ကြီးလည်း မပျက်ဘူးလား။ပျက်မှာလား။ (ပျက်မှာပါဘုရား)၊ ဟုတ်ကဲ့လား၊ အခု ပျက်ပြီလား၊ ကဲ့ - ဒါဖြင့် ဟောဒီကျောင်းကြီးလည်း (ပျက်မှာပါဘုရား)၊ ဟာ-မလုပ်ပါနဲ့အုံး၊ ပျက်မယ်ဆိုရင် တို့လည်း အပြင်ကို ထွက်လိုက်ပါဦးမယ်၊ ပျက်ပြီး ပြိုကျရင် အကုန်မြန်မြန် သေကုန်နိုင်တယ်။ ဖြစ်ပြီး ချက်ချင်း မဆိုင်းမတွ ပျက်တာက ရုပ်နာမ်ဓမ္မ သင်္ခါရတွေပါ၊ ဥယျာဉ်တွေ၊ ကျောင်းတွေက ချက်ချင်းမပျက်ပါဘူး၊ သတ်မှတ်ချက် ပညတ်တွေဆိုတော့ သတ်မှတ်ချက် အချိန်ပေါ်မှာ မူတည်ပြီး ပျက်စီးတတ်ကြတာပါ။ ဖြစ်တာ ပျက်တာနဲ့ ပတ်သက်လို့ အမိပ္ပါယ်တလွဲ မထင်လိုက်ပါနဲ့ဦး။

အို-သူတော်ကောင်းတို့၊ လောကကြီးတစ်ခုလုံးဟာ ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက် ထင်ရှားပြီးချုပ်၊ အနိစ္စ ဒုက္ခ အနတ္တရယ်လို့ ရဟန္တာ အရှင်မြတ်တွေက မိန့်တော်မူတယ်၊ အဲဒါ အသိတရားလား၊ အာရုံတရားလား၊ (အသိတရားပါဘုရား)၊

http://www.dhammadownload.com



ဟုတ်ပါတယ်၊ အဲဒီသဘောက အသိပါ။ ဉာဏ်အစစ်ရဲ့ အာရုံအသိပါ၊ စိတ်ရဲ့ပညတ်အာရုံ မဟုတ်ပါ။

ဉာဏ်အစစ်ရဲ့အာရုံအသိမှာ ပုံသဏ္ဌာန်မပါ၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား) အသိမှာ ပုံသဏ္ဌာန်မပါ၊ အရောင်အဆင်းမပါ၊ အရွယ်အစားမပါ၊ အချိန်နေရာမပါ၊ အမှန်သဘော သက်သက်မျှသာပါ။ သဘောတရားသက်သက်ပါ၊ အဲဒီသဘောတရားကို ဉာဏ်နဲ့သိပါလေ။ အဲဒါကြောင့်မို့ သိစရာတွေကို အသိဉာဏ်က သိနိုင်လို့ 'အသိ' လို့ ခေါ်တာပါ။ အသိဉာဏ်ဆိုတာက သိစရာ သဘောတရားကို သေချာသိပါတယ်။

အို-သူတော်ကောင်းတို့ အသိ, အသိ ဆိုတဲ့ သဘောတရားမှာ ပုံသဏ္ဌာန်ပါသလား၊ (မပါပါဘူးဘုရား)၊ အရောင်အဆင်းပါသလား၊ (မပါပါဘူးဘုရား)၊ နေရာဒေသ ပါသလား၊ (မပါပါဘူးဘုရား)၊ အခုအရင်, နောက်, အချိန် သတ်မှတ်ချက်ပါသလား၊ (မပါပါဘုရား)၊ ဟိုလိုဒီလို ပညတ်သတ်မှတ်ထားတာ ပါသလား၊ (မပါပါဘူးဘုရား)။

http://www.dhammadownload.com



အို-သူတော်ကောင်းတို့၊ စိတ်ဆိုတာ ဖြစ်တိုင်းဖြစ်တိုင်း အာရုံနဲ့ ဆုံ၍နေကြလေကုန်၏၊ အာရုံမှာ အမှတ်အသားတွေ ရှိသည်၊ ဖြူ နီ ကြောင်ကျား အဆင်း။ တိုးတယ်၊ ကျယ်တယ်၊ ဆူတယ်၊ ညံတယ်၊ အသံ။ မွှေးတယ်၊ ပုပ်တယ်၊ နံတယ် အနံ့။ အချို အချဉ် အစပ် အငန် အခါး အဖန် အရသာ။ နာတယ် ပူတယ် အေးတယ် တောင့်တယ် တင်းတယ် လှုပ်တယ် ငြိမ်တယ် အတွေ့အထိ။ အဲဒါတွေကို ဘယ်သူက သိတယ်၊ သညာက သိတယ်။ ဒီပရမတ်ရုပ်တွေအပေါ် သတ်မှတ်ထားတဲ့ ပညတ်ကို သညာက သိပါတယ်။ စိတ်ဖြစ်တိုင်း စိတ်ဖြစ်တိုင်း သညာက မှတ်သား သိအနေနဲ့သိပြီး အမြဲပါဝင်တယ်၊ ပါနေပါတယ်။

သညာဆိုတာ မှတ်သားတတ်တဲ့ သဘောသက်သက်၊ မြင်တဲ့အခါမှာ ကြည့်၊ ဖြူ နီ ကြောင်ကျားပုံသဏ္ဌာန် အရောင် အဆင်း ဆိုတာတွေ ရှိကြပါတယ်၊ အဲဒါ ဘယ်သူရဲ့အာရုံ၊ သညာရဲ့ အာရုံ။

http://www.dhammadownload.com



သညာက မှတ်သားတဲ့ အလုပ်လုပ်တယ်၊ လှုပ်တယ်၊ ပူတယ်၊ အေးတယ်၊ တောင့်တယ်၊ တင်းတယ်ဆိုတာဟာ ဘယ်သူရဲ့အာရုံ (သညာရဲ့ အာရုံပါဘုရား)။

စိတ်က အာရုံကို စိတ်သိ သိတယ်၊ သညာက သညာမှတ်သားစရာတွေ ပညတ်သတ်မှတ်ချက် အမှတ်အသားတွေကို မှတ်သားသိ သိပါတယ်။ တကယ့်ဉာဏ်နဲ့ မြင်တာကြတော့ စိတ်အာရုံသက်သက်မဟုတ်တော့၊ အမှတ်အသား သင်္ကေတ သတ်မှတ်ချက်တွေလည်း မဟုတ်တော့။

ဘာကို ဝိပဿနာဉာဏ်က မြင်တာလဲ ဆိုတော့ ဝိပဿနာဉာဏ်ကသာ သိနိုင်တဲ့ သဘောတရား၊ ဘာကို မြင်တာလဲ (သဘောတရားပါဘုရား)၊ ဒါဆို မေးကြည့်ပါ့မယ်၊ မွေးတဲ့လူတိုင်း ဘာဖြစ်မှာလဲ (သေမှာပါဘုရား၊) ရှင်နေတာဟာ ဘာဖြစ်ဖို့ (သေဖို့ပါဘုရား)။

အဲဒီ 'ရှင်နေတာတွေ သေဖို့' ဆိုတဲ့ သတိ၊ အသိ၊ ဒီအသိရဲ့သဘောအာရုံဟာ ပုံသဏ္ဌာန်ပါသလား၊ (မပါပါဘူးဘုရား)၊ အရောင်ပါသလား၊

http://www.dhammadownload.com



(မပါပါဘူးဘုရား)၊ အရွယ်အစားပါသလား၊ (မပါပါဘူးဘုရား)။

ဒါဖြင့် တရားအလုပ်အားထုတ်လို့ မွမွရွရွ မြင်တယ်ဆိုတာဟာ သညာက မြင်တာလား၊ ဉာဏ်က မြင်တာလား၊ (သညာကပဲ မြင်ပါတယ်ဘုရား)၊ မွမွရွရွ မြင်တယ် ဆိုတာ ဘာဝိပဿနာဉာဏ်မှ မဟုတ်မပါဘူး၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

တပည့်တော်တို့ တရားအားထုတ်လို့ ပေါ့ပါးသွားလိုက်တာ ဆိုတာဟာ ဉာဏ်သိပေါ်တာလား၊ သညာသိ ပေါ်တာလား၊ (သညာသိပေါ်တာပါဘုရား)၊ သညာအားကောင်းပြီး သညာက အလုပ်လုပ်နေတာ၊ မွမွရွရွ လှုပ်လှုပ်လေးတွေကို တွေ့တာဟာ သညာလား၊ ဉာဏ်လား၊ (သညာပါဘုရား)၊ ဟုတ်တယ်၊ သညာပါပဲ။

သညာရဲ့သိစရာ အာရုံဟာ ပုံသဏ္ဍာန် အရောင်အဆင်း၊ နေရာဒေသ ဘာညာ အကုန်ပါနေတယ်။ ဉာဏ်ရဲ့အာရုံ ဆိုတာကတော့ ပုံ

http://www.dhammadownload.com



သဏ္ဌာန် အရွယ်အစား၊ နေရာ၊ အရောင်၊ အချိန် သတ်မှတ်ချက်တွေ ပါသလား၊ (မပါပါဘူးဘုရား)၊ ဘာလို့ မပါတာလဲလို့ မေးကြည့်ပါ။

ဘယ်အာရုံပဲ ဖြစ်ဖြစ်ပေါ်ပြီးရင် ပျောက်တယ် ဖြစ်ပြီးရင် ပျက်တယ်၊ ထင်ရှားပြီးရင် ချုပ်တယ်၊ နန္ဒဝန်ဥယျာဉ်လည်း ဖြစ်ပြီးပျက်၊ တစ်လောကလုံးက သင်္ခါရတွေလည်းပဲ ဖြစ်ပြီးပျက်နေတာ။ ပုံသဏ္ဌာန်၊ အရောင်၊ အရွယ်အစားတွေပျက် နေတာနဲ့ပရမတ် ဖြစ်ပျက်နဲ့ ရောမသွားစေချင်ပါဘူး။

တရားကို အားထုတ်တတ်စေချင်လို့ အားထုတ်တတ်အောင် အဓိကထားပြီး ဟောပေးတာပါ၊ တကယ်နိဗ္ဗာန်ရောက်စေချင်လို့ ဟောပေးတာပါ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရစေချင်လို့ ဟောပေးတာပါ၊ မိမိတို့တတွေ သဘောပေါက် နားလည်လိုက်ကြစမ်းပါ။

ဟိုဟာမြင်၊ ဒီဟာမြင်၊ ဟိုလိုမြင် ဒီလိုမြင်၊ မျက်စိဖွင့်လို့ မြင်မြင်၊ မျက်စိမှိတ်လို့ မြင်မြင်၊ ဟိုဟာမြင်၊ ဒီဟာမြင်၊ ဟိုလိုမြင် ဒီလိုမြင် ဆိုရင်

http://www.dhammadownload.com



ဉာဏ်လို့ မခေါ်သေးဘူး၊ ဉာဏ်ဆိုတာ ဟိုဟာဒီဟာ ဟိုလိုဒီလို မြင်တာလား၊ သဘောကို သိတဲ့အသိကလေး ပေါ်တာလား၊ (သဘောသိတဲ့ အသိလေးပေါ်တာပါဘုရား) ။

အသိဆိုတာ ဘယ်ဟာတုန်း၊ အစတုန်းကဘာတွေ သိခဲ့တယ်၊ ကိုယ်သိခဲ့တာတွေ၊ ကိုယ်သိနေပုံတွေကို သေချာပြန်ပြီး ဆန်းစစ်ကြည့်ကြပါ၊ အရင့်အရင်က ဆရာသမားကောင်းတွေနဲ့ တရားတော်တွေကို နာကြားရခဲ့ကတည်းကိုက ဖြစ်ပြီးရင်ပျက်တယ်၊ ပေါ်ပြီးရင် ပျောက်တယ်၊ ထင်ရှားပြီးရင် ချုပ်တယ်၊ ဖြစ်ပြီးပျက်တာ ပုံသဏ္ဍာန်ပါမပါ၊ (မပါပါဘုရား)၊ နေရာ အရွယ် အစား ပါမပါ၊ (မပါပါဘုရား)။ ဘာရှိလဲ၊ ဖြစ်ပြီး ပျက်တာပဲ ရှိပါတယ်၊ ဖြစ်ပြီးပျက်တဲ့ သဘောတရားပဲ ရှိတယ်၊ ဖြစ်နေတာကိုက ဘာလုပ်ဖို့၊ (ပျက်ဖို့ပါဘုရား)၊ ရှင်နေတာကိုက ဘာလုပ်ဖို့၊ (သေဖို့ပါဘုရား)။

ဒါဖြင့် လူတွေက အသက်ရှင်နေတာကို သဘောကျလား မကျဘူးလား၊ (မကျပါဘူးဘုရား)၊

http://www.dhammadownload.com



ဒါဖြင့် ကိုယ့်ကိုကိုယ် သတ်သေမယ်ပေါ့။ (မသေချင်ပါဘုရား)။

ဟင်-ဒါပေမဲ့ ဉာဏ်က သိလိုက်တယ်၊ အခု ရှင်နေရတာကိုက ဘာလုပ်ဖို့ (သေဖို့) ဟုတ်ကဲ့လား၊ (ဟုတ်ပါတယ်ဘုရား)၊ အဲဒီတော့ကာ အခု အသက် ရှင်နေတာဟာ ပျော်ဖို့လား၊ သေဖို့လား၊ (သေဖို့ပါဘုရား)။

သေဖို့ဆိုတာ မသိအောင် လောဘက လာပြီး ကြားကဝင်ပြီး ပျော်တယ်၊ ဒေါသက လာပြီး ကြားက ဝင်ပြီး စိတ်ညစ်တယ်၊ မောဟက လာပြီး ကြားကဝင်ပြီး မသိသလို နေတယ်၊ တကယ်တမ်းကြတော့ ရှင်နေတာဟာ ဘာလုပ်ဖို့ (သေဖို့ပါဘုရား)၊ ဟုတ်လား၊ အဲဒါဆို ကိုယ့်ကိုယ်ကို သဘောပေါက်တော့နော်။

ဒါဖြင့် ရှင်နေတာ သေဖို့ဆိုတော့ တကယ်သေရင် စိုးရိမ်ဦးမလား၊ (မစိုးရိမ်တော့ပါဘုရား)၊ ဘယ်သူလေးရှိလို့လဲ မစိုးရိမ်တာလဲ ဆိုရင် ဉာဏ်အသိလေးရှိလို့လို့ မှတ်ထားလိုက်ပါ၊ ဉာဏ်အသိ

http://www.dhammadownload.com



ရှိရင် မငိုရတော့ဘူး၊ မငိုတော့တဲ့ သဘောကို ဉာဏ်အသိက အကျိုးပေးတာကိုး၊ အသိရှိရင် မငိုရတော့ဘူး၊ အသိရှိရင် မစိုးရိမ်ရတော့ဘူး၊ အသိရှိရင် ရှေ့ရေးနောက်ရေး တွေးပူစရာ မလို တော့ဘူးတဲ့။

ကိုယ့်မှာ ဘာမပျောက်ဖို့ အရေးကြီးတယ်၊ (အသိမပျောက်ဖို့ပါဘုရား)၊ အသိမပျောက်တဲ့ သူက ဘယ်အာရုံကြုံကြုံ၊ သစ်ရွက်အညွန့်လေး တွေကို တွေ့တော့လည်း အသိက သဘောပေါက် ထားတယ်၊ ကြွေဖို့။

သစ်ရွက်အစိမ်းလေးတွေကို တွေ့တော့ လည်း အသိက သဘောပေါက်ထားတယ်၊ ကြွေ ဖို့။ သစ်ရွက်အဝါလေးတွေကို တွေ့တော့လည်း အသိက သဘောပေါက်ထားတယ်၊ ကြွေဖို့။ သစ် ရွက် အညိုလေးတွေကို တွေ့တော့လည်း အသိက သဘောပေါက်ထားတယ်၊ ကြွေဖို့။ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

သူ့သဘာဝအတိုင်း ဖြစ်ချင်သလို ဖြစ်နေ တာကိုး၊ ဖြစ်ပြီးပျက်၊ ပေါ်ပြီးပျောက်၊ ထင်ရှားပြီး

http://www.dhammadownload.com



ချုပ်၊ အစိမ်း အနု အရင့် ဘာကိုပဲ တွေ့တွေ့ သစ်ရွက်ဆိုရင် ဘာဖြစ်မှာလဲ၊ သစ်ရွက်ဆိုရင် ကြွေမှာပါပဲ၊ ဟုတ်တယ်၊ ဒီသဘောပဲ ရှိသည်။

အနိစ္စာ ဝတ သင်္ခါရာ၊
ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊
တေသံ ဝူပသမော သုခေါ။

ဥပ္ပဇ္ဇိတွာ-ဖြစ်ပေါ်လာကြပြီး၍၊ နိရုဇ္ဈန္တိ-ချုပ်ပျောက်ပျက်သွားကြလေကုန်၏။ တေသံ-ထိုဖြစ်ပေါ်ပြီးနောက် ချုပ်ပျောက်တတ်တဲ့ ဓမ္မသဘော တရားတို့၏၊ ဝူပသမော-မရှိတဲ့ ငြိမ်းအေးမှုက၊ သုခေါ-ချမ်းသာအစစ် နိဗ္ဗာန်။

နိဗ္ဗာန်ဆိုတာ အရောင်အဆင်းပုံသဏ္ဍာန် (မရှိပါဘူးဘုရား)၊ မရှိဘူး၊ ဘာလို့ မရှိတာလဲ ဆိုတော့ သညာနဲ့ မြင်လို့ ရတာ မျိုးမဟုတ်လို့၊ ဘာနဲ့ မြင်ရတာလဲ၊ ဉာဏ်နဲ့မြင်ရတယ်၊ ဉာဏ်နဲ့ မြင်ရတာက ဘာလဲ၊ သဘောတရား။ ဟုတ်လား၊ နိဗ္ဗာန်ဆိုတာ ဓမ္မသဘောတရားပါ။

http://www.dhammadownload.com



နိဗ္ဗာန်ကို ဟိုလိုဒီလို သာမန်လူတွေ ပြောသလိုမျိုး မဟုတ်ပါဘူး၊ နတ်တွေ ပြောသလို နန္ဒဝန်ဥယျာဉ်က ချမ်းသာမျိုး ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)။ တီဗီကြည့်ရတဲ့ ချမ်းသာမျိုး ဟုတ်ရဲ့လား၊ ကောင်းကောင်းစားရတဲ့ ချမ်းသာမျိုး ဟုတ်ရဲ့လား၊ (မဟုတ်ပါဘူးဘုရား)။

နိဗ္ဗာန်သည် လောကီအာရုံချမ်းသာလား၊ လောကုတ္တရာ ဓမ္မသဘောချမ်းသာလား၊ ဖြေကြစမ်းပါ၊ (လောကုတ္တရာဓမ္မ သဘောချမ်းသာပါဘုရား)၊ အဲဒီလောကုတ္တရာဓမ္မ ချမ်းသာသဘောကသည်ပင်လျှင် ဉာဏ်ရဲ့အာရုံ၊ အမှတ်အသားကသညာရဲ့အာရုံ၊ လောကီရုပ်နာမ် ဓမ္မတွေက လောကီစိတ်ရဲ့ အာရုံ။ နားလည်လိုက်ကြစေချင်ပါတယ်။

ဒါဖြင့် ကနေ့ပြောချင်တာကတော့ အသိမပျောက်ပါနဲ့၊ ဘာမပျောက်နဲ့လဲ၊ (အသိမပျောက်နဲ့)၊ ဘာအသိလဲ၊ ကိုယ်သိထားတဲ့ အသိကို အပျောက် မခံနဲ့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဦးပဉ္စင်းတို့ ကနေ့ ဝါတွင်း ဥပုသ်စဉ်တိုင်း နေ့စဉ်ညစဉ် ဟောခဲ့တာ (၁၁) ဥပုသ်လား ရှိသွားပြီ၊ အဲဒီ နေ့တိုင်း ညတိုင်း (၁၁) ဥပုသ်တိုင်းမှာ ဦးပဉ္စင်းတို့အသိတွေ မပေးခဲ့လား၊ ပေးခဲ့လား၊ (ပေးခဲ့ပါတယ်ဘုရား)။

ဟုတ်ကဲ့လား၊ အခု ဟောပေးခဲ့တဲ့ တရားတွေက တရားနာမည်မပျောက်ဖို့ အရေးကြီးတာလား၊ တရားအသိမပျောက်ဖို့ အရေးကြီးတာလား၊ (တရားအသိမပျောက်ဖို့ အရေးကြီးတာပါဘုရား)။

ဘာအသိလဲ ကိုင်း-ပြောစမ်းပါဦး --- ကိုင်း-ဘာအသိမှကို မရှိတော့ဘူး၊ တရားအလုပ်အား ထုတ်တဲ့ သူတော်ကောင်းတို့၊ လောကကြီးတစ်ခုလုံးကို ကြည့်လိုက်ရင် ဖြစ်ပြီးပျက်နေကြလေကုန်၏။ ပေါ်ပြီး ပျောက်နေကြလေကုန်၏။ ထင်ရှားပြီး ချုပ်နေကြလေကုန်၏။

အဲဒီသဘောမှာ ဖြစ်ပြီးပျက်တယ် ဆိုတာ ရေတွေ စီးနေသလို၊ မီးတောက်ကလေး တောက်နေသလို၊ "နဒီသောတော ဝိယ၊ ဒီပဇာလာ ဝိယ"

http://www.dhammadownload.com



နှမ်းအိုးခင်းထဲမှာ နှမ်းတွေ လှော်သလို၊ သဲပုံကြီး ပျိုကြသွားသလို ဆိုတာတွေဟာ တကယ်လား၊ သလိုလား၊ (သလိုပါတဲ့ဘုရား)၊ သလိုသလို ဆိုတာက ဥပမာကို ပြောတာ၊ လူအများ နားလည် အောင်လို့ ဥပမာနဲ့ ပြောရတာ။

တကယ်တမ်းကျတော့ ဉာဏ်နဲ့ တိုက်ရိုက် သဘောပေါက်တဲ့အခါ အဲဒီဥပမာတွေ၊ ပုံသဏ္ဌာန် တွေ၊ ပုံရိပ်တွေ ဘာတွေ ညာတွေ ဉာဏ်ရဲ့အာရုံမှာ ပါသလား၊ (မပါပါဘူးဘုရား)၊ မပါပါဘူးတဲ့၊ ဖြေတော့ အဟုတ်ပဲ၊ လုပ်တော့ တလွဲ၊ ဒါတွေကိုပဲ ဒီဥပမာ ပုံရိပ်တွေကိုပဲ မြင်ရမှ တရားထင်ပြီး ဒီအာရုံတွေမျိုးကိုပဲ မတွေ့တွေ့အောင် ရှာနေ ကြတယ်၊ တွေ့ချင်နေကြတယ်၊ ဉာဏ်နဲ့ သဘော ပေါက်တဲ့အခါ အဲဒါတွေ မပါဘူးတဲ့။

ဘာဖြစ်လို့ ဒီတရား ဟောပေးရတာလဲ ဆိုရင် တစ်ချို့က တကယ်တရားအားထုတ်လာ ကြလို့ ကြိုးကြိုးစားစားနဲ့ အားထုတ်ပြီးတော့ မွမွ ရွရွ လှုပ်လှုပ်ခုန်ခုန်တွေကို ဖြစ်ပျက်တွေ ထင်ပြီး တရားတွေ့ပါပြီပေါ့လေ။ ဒါတွေဟာ တရားပဲလို့

http://www.dhammadownload.com



ထင်နေကြတာ၊ အဲဒါတွေက ဘာတရားလဲ ဆိုရင် သညာရဲ့ အာရုံတရား။ ပညတ်ပုံရိပ်တွေပါ။

တကယ့်တရားအစစ် ဉာဏ်ရဲ့အာရုံဖြစ်တဲ့ သဘောတရားကျတော့ ပုံသဏ္ဌာန်အရွယ်အစား ဟိုလိုဒီလိုတွေ မပါတော့ဘူးတဲ့၊ အဲဒါကို သိစေချင်လို့ ဟောပေးပြောပေးနေတာပါ။ သညာသိအာရုံဖြစ်ပျက်ကိုသာမကပဲ ဉာဏ်အသိရဲ့အာရုံ ဓမ္မသဘောတရားတွေအထိ သိနိုင်ဖို့ ပြောပေးနေတာပါ။

ပုထုဇဉ်နတ်က နန္ဒဝန်ဥယျာဉ်ကို မတွေ့ဘူးရင် ချမ်းသာအစစ်ကို မရဘူးလို့ ပြောတယ်၊ ချမ်းသာအစစ်ကို မသိဘူးလို့ ပြောတယ်၊ တကယ့်အရိယာနတ်သားကတော့ အရိယာအရှင်မြတ်တွေရဲ့ စကားကို ပြန်ပြောပြန်တယ်။

ဗာလေ-ဟဲ့နတ်မိုက်၊ တွံ-သင်သည်၊ နပဇာနာတိ-ဘာကမှ သေချာ မသိပါလေ၊ ဘာတွေကို မသိသလဲ ဆိုတော့၊ အရဟာတံ-ရဟန္တာအရှင်မြတ်ကြီးတို့၏၊ ဝစော-ပြောတဲ့စကားကို၊

http://www.dhammadownload.com



ယထာ-ပြောခဲ့တဲ့အတိုင်း၊ န ပဇာနာတိ-သေချာ မသိပါလေ။

ပုထုဇဉ် ဆိုတော့ ပုထုဇဉ်တွေ ပြောတဲ့ အတိုင်း သိမှာပေါ့။ အရိယာနတ်သားကသာ အရိယာတွေ ပြောထားတဲ့အတိုင်း သိပြီးအရိယာ ဖြစ်သွားမှတော့ သူက ဒီစကားတွေကို ပြန်ပြော နိုင်နေတာ။

တစ်လောကလုံးဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေတဲ့၊ ဖြစ်ပြီးပျက်သွားတဲ့အတွက် အနိစ္စ၊ ဖြစ်ပြီး ပျက်သွားတဲ့အတွက် ဒုက္ခ၊ ဖြစ်ပြီးပျက်သွားတဲ့ အတွက် အနတ္တ၊ ဒါတွေက လက္ခဏာသဘောတွေ။

ဒုက္ခသစ္စာနဲ့ ပြောရင်တော့ ဖြစ်တာလည်းပဲ ဒုက္ခသစ္စာ၊ ပျက်တာလည်း ဒုက္ခသစ္စာ၊ ဖြစ်ပြီးပျက် သွားမှ ဒုက္ခသစ္စာလား၊ ဖြစ်နေတာကိုက ဒုက္ခ သစ္စာလား၊ (ဖြစ်နေတာကိုက ဒုက္ခသစ္စာပါ ဘုရား)။ အင်း-ဖြေတာ ဖြေတာ၊ ဒီလို ဖြေတာက တော့ ဘုန်းကြီးအကြိုက်လိုက် ဖြေတာမျိုး ဖြစ်တယ်။

http://www.dhammadownload.com



ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ မရဏဒုက္ခကို ပြောချင်တာပါ။ ဖြစ်ဒုက္ခ၊ တည်ဒုက္ခ၊ ပျက်ဒုက္ခပေ့ါ။ ဒီလိုလေး မေးမယ်ကွယ်၊ ဖန်ခွက်ကလေး ဝယ်လာပြီတဲ့၊ ဒါမှမဟုတ် မဝယ်လာပါနဲ့လေ၊ ဟိုးအရင် မင်္ဂလာဆောင်တုန်းက လက်ဖွဲ့တဲ့ဟာလေးပဲ အာရုံပြုလိုက်၊ ရှေးတုန်းကလေ ဖန်ခွက်ပါးပါးလေးနော်၊ ရှေးတုန်းက ဖန်ခွက်လေးတွေက ရွှေရေးလေးတွေနဲ့လေ၊ မင်္ဂလာဦးစ လက်ဖွဲ့ထားတာလေးတွေ၊ ဒါမျိုးတွေ အခု မရှိတော့ဘူး၊ အထိမ်းအမှတ်တွေလေ၊ သေချာသိမ်းထား၊ (မှန်လှပါဘုရား) အေး၊ သိမ်း၊ သိမ်း၊ သေသေချာချာ သိမ်း၊ ပြိုတ္တာဖြစ်အောင်။

အို-သူတော်ကောင်းတို့၊ ရှေးကဖန်ခွက်ပဲဖြစ်ဖြစ်၊ အခုဖန်ခွက်ပဲဖြစ်ဖြစ် ဖန်ခွက်ကလေး ကျကွဲသည်ရှိသော် ဖန်ခွက်ကို ကိုယ်က ရထားကတည်းက ကွဲတတ်တဲ့အမျိုးလို့ သိ မသိ၊ (သိပါတယ်ဘုရား)၊ ဖန်ခွက်ဆိုတာ ကွဲတတ်တယ်လို့ သိထားရင် ကွဲတော့ စိတ်ဆင်းရဲလား၊ (မဆင်းရဲပါဘူးဘုရား)၊ ဟုတ်ကဲ့လား။

http://www.dhammadownload.com



ဒါဖြင့် ဖန်ခွက်ကလေးဟာ ဘာဖြစ်ဖို့ ဖြစ်နေတာလဲ၊ ကွဲဖို့ဖြစ်နေတာ၊ ဟုတ်လား၊ ဖန်ခွက်ကလေးဟာ ဘာဖို့ဖြစ်နေတာလဲ၊ (ကွဲဖို့ဖြစ်နေပါတယ်ဘုရား)။ သေချာအောင် နှစ်ခါ ထပ်မေးတာနော်။

ဖန်ခွက်ထဲမှာကိုက ဘာသတ္တိ ရှိတယ်၊ (ကွဲတဲ့သတ္တိ ရှိပါတယ်ဘုရား)၊ ကွဲမယ့် သတ္တိရှိတယ်၊ ကွဲတဲ့သတ္တိရှိတယ်၊ ကွဲလို့ သဘောမကျရမှာလား၊ ကွဲတဲ့သတ္တိရှိလို့ကို သဘောမကျရ မှာလား၊ (ကွဲတဲ့သတ္တိရှိလို့ကို သဘောမကျရမှာပါဘုရား)၊ အကြိုက်ဖြေတာ၊ အကြိုက်ကို လိုက်ဖြေနေတာ၊ ညဏ်မရဘူး၊ ဒီလောက်နဲ့ ညဏ်မရဘူး၊

ပြန်ပြောမယ်၊ ဟုတ်လား၊ ဖန်ခွက်ကလေးတွေ့တယ်နော်၊ ဖန်ခွက်ကလေးဟာ မကွဲဘူးလား၊ ကွဲလား၊ (ကွဲပါတယ်ဘုရား)၊ ကွဲတတ်တဲ့သဘောရှိတယ်။ အခုတော့ မကွဲသေး။

ကွဲမှ မကြိုက်ရမှာလား၊ မကွဲခင်က မကြိုက်ရမှာလား၊ (မကွဲခင်က မကြိုက်ရမှာပါဘုရား)၊

http://www.dhammadownload.com



ဒါဖြင့်လည်း ဝယ်မနေနဲ့တော့၊ ဟုတ်လား၊ နောက်ပြီး မင်္ဂလာဆောင်ကို လာပြီး လက်ဖွဲ့ ရင်လည်း လက်မဖွဲ့နဲ့တော့လို့ ပြောပေါ့။

ဟင် - မကွဲခင်ကတည်းက ကွဲတတ်တဲ့ ပစ္စည်းလေးပဲလို့ သိလို့ရှိရင် ဉာဏ်၊ ကွဲမှ ဒါကြီးကို မကြိုက်ရင် ဒေါသ၊ ဟုတ်လား၊ ဒါက သိဖို့ အရေးကြီးတယ်နော်။

ဖြစ်ပြီးပျက်သွားမှ ဒုက္ခလား၊ ဖြစ်နေတုန်း ကိုပဲ ဒုက္ခလား၊ (ဖြစ်နေတုန်းကိုပဲ ဒုက္ခပါဘုရား) ဘာလို့ဖြစ်နေတုန်းလည်း ဒုက္ခလို့ ပြောနိုင်တာ လည်းဆိုရင် ပျက်တတ်တဲ့ သတ္တိကိုပဲ ဖြစ်တဲ့အထဲ မှာရှိနေလို့၊ ဟုတ်လား၊ (ဟုတ်ပါတယ် ဘုရား)။

တစ်ခုတော့ ဦးပဥ္စင်းတို့ ပြောပြဦးမယ်၊ ဒီတရားတွေက စာထဲမှာ အကုန်ပါတယ်၊ စာထဲ ပါတဲ့အတိုင်း ပြောတာ၊ အခု အလကား နေရင်း ဦးပဥ္စင်းတို့ နာမည်ကြီးနေတယ်၊ ဦးဆောကိန္ဒကတဲ့ လူ့ဘဝထဲကိုက သောတာပန်ဟဲ့၊ အဲသောတာပန် ဖြစ်ပြီးတော့မှ လူ့ဘဝနဲ့ တွေ့ပြီး သောတာပန်

http://www.dhammadownload.com



ဖြစ်ပြီးတော့မှ ဓမ္မဒူတဆရာတော်ကြီးနဲ့ တွေ့၊ သာသနာတော်မှာ ထပ်ပြီး တရားအားထုတ်တယ်။ တရားအားထုတ်လို့ အခု သောတာပန်တောင် မကတော့ဘူးတဲ့။

ဟုတ်တယ်လေ၊ သောတာပန် ဘယ်ကမှာ တုန်း၊ အရိယာဖြစ်ပြီပဲလေ၊ ဆိုင်းတီးပေးလို့လည်း မကတော့ဘူး။ အဲဒီလိုမလုပ်ကြပါနဲ့၊ လူအများက ကိုယ့်အထင်နဲ့ ကိုယ်ပဲ လျှောက်ပြောနေတယ်၊ မှတ်ထား။ တို့လည်း ပုထုဇဉ်ပဲ၊ ဘာမှ ဟုတ်တိပတ်တိ မသိသေးဘူး၊ အခု သိပြီးသား သဘောတွေထက် ထပ်ပြီးသိအောင် ကြိုးစားနေရတယ်။ တို့ကတော့ အရိယာလို့ အပြောခံရတာကို ငြိမ်ပြီးတော့ မှိန်းနေမဲ့သူမျိုးတော့ မဟုတ်ဘူး။

အဲဒါကြောင့်တော့ အထင်မကြီးပါနဲ့၊ ကိုယ့်အထင်နဲ့ ကိုယ်တော့ ဘယ်သူ့ကိုမှ အထင်မကြီးပါနဲ့၊ တို့လည်း ဘာမှ မဟုတ်ဘူး၊ တို့လည်း ပုထုဇဉ်ပဲ၊ မလိမ္မာ လိမ္မာအောင် လိမ္မာရင်လည်း လိမ္မာသထက် လိမ္မာအောင် ကျင့်နေရတုန်း၊ တို့တော့ နေနေရသေးတာ ဟုတ်လား။

http://www.dhammadownload.com



အို-သူတော်ကောင်းတို့၊ ပြန်ပြောလိုက်စမ်းပါဦးမယ်၊ ကြည့်-ဖန်ခွက်မကွဲခင်ကိုက မကြိုက်ရမှာလား၊ ကွဲမှမကြိုက်ရမှာလား၊ (မကွဲခင်ကတည်းက မကြိုက်ရမှာဘုရား)။

ကွဲမှ မကြိုက်တာက ဒေါသ၊ မကွဲခင်ကတည်းက ကွဲတတ်တဲ့သတ္တိတွေ ရှိတယ်ဆိုပြီး မကြိုက်တာက ဉာဏ်၊ ရှင်းလား။ ဒေါသမကြိုက်တာနဲ့ ဉာဏ်မကြိုက်တာနဲ့က ပြဒါးတစ်လမ်းသံတစ်လမ်းပဲ၊ ဒေါသက မကြိုက်၊ ဉာဏ်က မနှစ်သက် မတပ်မက်။ စကားကို ဒီလိုသုံးပါ။ အဲဒါပေါ့ပေါ့ မလုပ်နဲ့နော်၊ အရမ်းအရေးကြီးတယ်နော်။

ဒီကိုယ်ကောင်ကြီးကို သေမှ မကြိုက်ရမှာလား၊ ရှင်နေတုန်းကိုက မကြိုက်ရမှာလား၊ (ရှင်နေတုန်းကတည်းက မကြိုက်ရမှာပါဘုရား)၊ ရှင်နေတုန်း ဘာလို့ မကြိုက်လဲ၊ သေတတ်တဲ့သတ္တိရှိလို့ကို မကြိုက်တယ်၊ ဟုတ်လား၊ ပေါ့ပေါ့မလုပ်နဲ့၊ ဒီစကားတစ်လုံးနဲ့ ဓမ္မသဘောတွေကို ဉာဏ်နဲ့ သေချာအပိုင် သိရင် နိဗ္ဗာန်ရောက်တယ်။

http://www.dhammadownload.com



ရှင်နေတဲ့ထဲမှာ သေတတ်တဲ့ သတ္တိရှိလို့ကို မကြိုက်တာ၊ ဖြစ်နေတဲ့ထဲမှာ ပျက်တတ်တဲ့ သတ္တိရှိလို့ကို မကြိုက်တာ၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

အို-သူတော်ကောင်းတို့၊ ဘယ်အာရုံပဲ ဆိုဆို၊ ဘာကို ကြိုက်မယ်၊ ကြိုက်စရာတစ်ခုမှ မရှိပါလေ၊ ဖြစ်လာတဲ့အာရုံထဲမှာ ဘာသတ္တိရှိတယ်၊ ပျက်တတ်တဲ့ သတ္တိရှိတယ်၊ ဖြူ နီ ကြောင်ကျားပုံသဏ္ဍာန် အရွယ်အစားပညတ်တွေကိုတော့ ပျက်တတ်တဲ့ သတ္တိ၊ ကွဲတတ်တဲ့ သတ္တိတွေကို မြင်လိမ့်မည်မဟုတ်။

ဒါပေမယ့် ဉာဏ်ရှိရင် ပျက်တတ်တဲ့ သတ္တိကို ဖြစ်တိုင်းဖြစ်တိုင်း တွေ့တယ်၊ မြင်တယ်၊ သိတယ်၊ ဖြစ်တာ တွေ့တိုင်း၊ ပျက်တာ တွေ့တိုင်း ဉာဏ်သတ္တိတွေ မပေါ်နိုင်တဲ့အခါလည်း ရှိသေးတယ်။ ဘာဖြစ်လို့လည်း ဆိုတော့၊ ပျက်တာကျတော့ ဒေါသနှင့်မကြိုက်၊ ဖြစ်တာကျတော့ လောဘနှင့် ကြိုက်နေကြတဲ့အခါ ဉာဏ်လုံးဝမဖြစ်၊ ဉာဏ်လုံးဝ မပေါ်။ ဒါအရေးကြီးတယ်နော်။

http://www.dhammadownload.com



သတ္တဝါ ပညတ်တွေကိုလည်း အမာခံ အရှိ ပရမတ်သဘောရှိနေတဲ့အတွက်ဖြစ်နေတဲ့ အခိုက်မှာလည်းပဲ ပျက်တတ်တဲ့သတ္တိ ရှိနေလို့ကို မကြိုက်တာက ဉာဏ်၊ သဘောပေါက်ပါနော်။ ဖြစ်တတ်တဲ့သတ္တိ၊ ပျက်တတ်တဲ့သတ္တိ ရှိတာကို ဒုက္ခသစ္စာလို့ ခေါ်ပါတယ်။

အဲဒီဒုက္ခသစ္စာကို မြင်မှ ဉာဏ်၊ ဖန်ခွက်ကွဲမှ မကြိုက်တာက ဒေါသ၊ ဖန်ခွက်ကောင်းနေကတည်းကိုက ကွဲတတ်တဲ့ သတ္တိရှိမှန်းသိ၊ မတပ်မက် မနှစ်သက် မမက်မောတာက ဉာဏ်နဲ့အလောဘ ဖြစ်နေတာပေါ့။ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

ဒါဖြင့် တရားအလုပ် အားထုတ်တယ် ဆိုတာ ထိုင်ရမယ်၊ ငြိမ်ရမယ်၊ ဘာညာ ဒါတွေတော့ မပြောလိုတော့ပါဘူး၊ ဘယ်အာရုံတွေ့တွေ့၊ ကိုယ့်စိတ်ကလေးမှာ သတိဉာဏ်ဖြစ်အောင် နေရင် အာရုံသဘောကို သိ, မသိ၊ (သိပါတယ်ဘုရား)။

အဲဒီမိမိစိတ်မှာ သတိဉာဏ်ဖြစ်အောင်ပဲ ကြိုးစားရတယ်တဲ့၊ တကယ်သတိဉာဏ်ဖြစ်လာရင်

http://www.dhammadownload.com



(ဟော့ - ရှင်နေတယ် ဆိုတာ သေသည်မှတစ်ပါး အခြား မရှိပါဘူးဘုရား)၊ တစ်ခြား ဘာမှမရှိဘူးတဲ့။

ဖြစ်နေတယ်ဆိုတာ ပျက်သည်မှ တစ်ပါး အခြားမရှိဘူးတဲ့၊ တခြား ဘာမှ မရှိဘူးတဲ့၊ သဘော ပေါက်လားမသိဘူး၊ (သဘောပေါက်ပါတယ် ဘုရား)။

ပုဂ္ဂိုလ်သတ္တဝါ အနေနဲ့ပြောရင် မွေးတာသည် သေသည်မှတစ်ပါး အခြားမရှိ၊ ရှင်နေတာသည် သေသည်မှ တစ်ပါး အခြား ဘာမှမရှိ၊ ဟုတ်လား၊ ရှင်နေတာသည် သေသည်မှတစ်ပါး အခြားမရှိဆိုတာကို ပရမတ်သဘောနဲ့ ပြောရရင် ဖြစ်နေတာသည် ပျက်သည်မှတစ်ပါး အခြားမရှိ၊ သဘော ပေါက်လား၊ (ပေါက်ပါတယ်ဘုရား)။

အဲဒီသဘောကို ဘယ်သူက ပေါက်တာလဲ ဆိုရင် ဉာဏ်က သဘောပေါက်တာ။ အဲဒီဉာဏ်ကို ဘယ်သူက ခေါ်မှာလဲ၊ သတိ။ အဲဒီသတိကို စိတ်မှာဖြစ်ဖို့ ဘယ်သူက ခေါ်ရမှာလဲ ဆိုရင် တရားလိုလား၊ နိဗ္ဗာန် လိုတဲ့သူတွေက ခေါ်တဲ့၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



အရိယာနတ်နှင့် ပုထုဇဉ်နတ်နဲ့ ပြောပုံ ကြည့်၊ ပုထုဇဉ်နတ်က သူ့ဟာနဲ့သူတော့ ချမ်းသာကို သဘောကျတာပဲ ပြောတာပေါ့။ ဒါပေမဲ့ အဲဒီ ချမ်းသာထဲမှာကိုက ပျက်တတ်တဲ့ သဘောရှိလို့ ဘာဖြစ်လဲ၊ ဆင်းရဲ ဒုက္ခသစ္စာ၊ ဖြစ်နေတဲ့ထဲမှာကိုက ပျက်တတ်တဲ့ သဘောရှိလို့၊ ဘာဖြစ်လဲ၊ ဆင်းရဲ ဒုက္ခသစ္စာ။ ပျက်နေတာလည်း ဒုက္ခသစ္စာ။

သူတော်ကောင်းတို့၊ ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့၊ သတိလေး လက်ကိုင်ထားလိုက်စမ်းပါ၊ ဘာသတိ၊ အာရုံမမေ့တဲ့သတိလား၊ အသိမမေ့တဲ့သတိလား၊ (အသိမမေ့တဲ့သတိပါဘုရား)၊ အသိရှိရင် နိဗ္ဗာန် ရောက်တယ်၊ အသိရှိရင်စိတ်စင်ကြယ်တယ်၊ အသိရှိရင် သောကကင်းတယ်၊ အသိရှိရင် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ကင်းတယ်၊ အသိရှိတာကို ဉာဏ်လို့ ခေါ်တယ်၊ မဂ်ဉာဏ်တွေ ပေါ်တယ်၊ ဖိုလ်ဉာဏ်တွေ ရတယ်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်။

စိတ်မှာ သတိ ဉာဏ်တွေ ဖြစ်အောင် ကြိုးစားရမည့်အစား အခု ဘာတွေကို ဘယ်လို ဖြစ်

http://www.dhammadownload.com



အောင်၊ ဘာတွေကို မြင်အောင်၊ ဘယ်ဟာတွေမှ တရား ဆိုပြီး အားထုတ်နေကြတာတွေကို ပြန်ပြီး ဆန်းစစ်ကြည့်ကြစမ်းပါ။ ဝိပဿနာအတွက် သက်သက်ပြောတာပါ။

ဦးပဉ္ဇင်းတို့တော့ သာသနာအတွက် အလွန် ပဲရင်လေးပါတယ်၊ အသိရှိတဲ့ သတိကို အဓိက ဖြစ်အောင် အားထုတ်ရမယ်လို့ မသိဘဲ အာရုံ မပျောက်တဲ့ သတိကိုပဲ အဟုတ်ထင်နေကြတာ၊ ဟုတ်လား၊ အာရုံမပျောက်အောင် မမေ့တဲ့သတိ ကိုပဲ အဟုတ်ထင်နေကြတာ၊ အဲဒါနဲ့ပဲ အလုပ် လုပ်ပြီး ကိုယ့်ကိုယ်ကို တရားရှိနေပြီလို့ တွက်နေ ကြတာ၊ နှမြောဖို့ ကောင်းတယ်။

တကယ်တမ်းကျတော့ အသိမမေ့မပျောက် စေတဲ့ သတိကမှ သတိနဲ့ဉာဏ်နဲ့ တွဲပြီးတော့ နိဗ္ဗာန်ကို ရောက်စေနိုင်တာပါ၊ ဟုတ်လား။

ဒါဖြင့် အရင်တုန်းက အားထုတ်ခဲ့တာ တွေက ဘယ်လိုဟာတွေမှာ ရှစ်ပါးသီလ ဆောက် တည်ထားတာပဲ၊ အမှန်အတိုင်း ပြောပါ၊ ဘာ

http://www.dhammadownload.com



မပျောက်အောင် လုပ်ခဲ့တာလဲ၊ (အာရုံမပျောက် အောင်ပါဘုရား)၊ အာရုံမပျောက်အောင် ကိုယ်က လုပ်တော့ အာရုံက မပျောက်တော့ဘူး၊ ကိုယ့် အထင်နဲ့ ကိုယ်လုပ်ထားတဲ့ အာရုံကမပျောက် တော့ မပျောက်တဲ့ အာရုံကိုပဲ ကြည့်ပြီး ကိုယ် တရားရတယ် ထင်နေကြတယ်။

တကယ်တမ်းကျတော့ သေပွဲဝင်ရတော့ မယ်၊ သေချာပေါက် သေရတော့မယ် ဆိုတဲ့အခါ တွေမှာ အသိတွေ ပျောက်နေတတ်ကြလေကုန်၏၊ အချိန်မရွေး သေနိုင်တယ်ဆိုတဲ့ အသိလည်း ပျောက်နေတတ်ကြလေကုန်၏။

အဲဒီအသိပျောက်လို့ သေကာနီးကျတော့ သေရမှာ ကြောက်ပြီး မသေချင်သေး၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)၊ ဒါကတော့ ဟောတဲ့တရား ကို သေတာနဲ့ နိဂုံးချုပ် ပြောလိုက်လို့သာပါ။ တကယ်တမ်းကျတော့ အစက စပြီးပြောရင် ရှင် ကွဲကွဲရင် ကွဲ၊ ရှင်ကွဲ မကွဲရင် သေကွဲကွဲ၊ ပစ္စည်းနဲ့ လူလည်းပဲ ပစ္စည်းကခွဲရင် ခွဲ၊ မခွဲရင် လူက ခွဲ တယ်၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့် အသက်သေမှာနဲ့ ပစ္စည်းပျောက်မှာနဲ့ ဘယ်ဟာက ပိုပြီး စိုးရိမ်ဖို့ကောင်းလဲ၊ (အသက်သေမှာ စိုးရိမ်ဖို့ ကောင်းပါတယ်ဘုရား)၊ မှတ်စ်ပါး အခြားမရှိဘူးဆိုတဲ့ အသိသာ မပျောက်ရင် အသက်သေလည်း စိုးရိမ်, မစိုးရိမ်၊ (မစိုးရိမ်ပါဘုရား)၊ အသိသာ မပျောက်တဲ့ သတိရှိလို့ ရှိရင် ပစ္စည်းပျောက်မှာလည်း မစိုးရိမ်၊ ဟုတ်လား၊ (ဟုတ်ပါတယ်ဘုရား)။

မစိုးရိမ်တတ်တော့ဘူးဆိုရင် ဘယ်လောက်နေလို့ ကောင်းလိုက်မလဲ၊ စိတ်ညစ်တာတွေ၊ စိတ်ဆင်းရဲတာတွေ ချက်ချင်းပဲ ပျောက်သွားမယ်၊ တွက်ကြည့်စမ်းပါဦး၊ လောကကြီးဟာ စိတ်ကို မညစ်စေတော့ဘဲ နေတော့မှာပေါ့၊ ဟုတ်လား၊ တရားသဘောကို နားလည်ရင် စိတ်ကို ဘယ်လို ညစ်ရမှန်းတောင် မသိဘူး၊ ယုံစမ်းပါ။ ဒီလူတွေ မေးကြည့်ပါဦးမယ်၊ အသက်ပျောက်တာရယ်၊ ပစ္စည်းပျောက်တာရယ်တော့ နားလည်ပြီနော်၊ (နားလည်ပါတယ်ဘုရား)။

http://www.dhammadownload.com



ပစ္စည်းပျောက်တာက နှစ်မျိုးရှိတယ်၊ သူခိုး ခိုးလို့ ပျောက်တာရယ်၊ ချွံရှုံးလို့ ပျောက်တာရယ်၊ နှစ်မျိုး၊ ဘယ်ဟာကို ပိုပြီး စိတ်ညစ်သလဲ၊ ကဲ - ပြောကြစမ်းပါ၊ သူခိုးခိုးတာက တစ်သောင်း၊ ချွံရှုံး တာကလည်း တစ်သောင်း ဘယ်ဟာ စိတ်ညစ်၊ (သူခိုးခိုးတာကို စိတ်ညစ်ပါတယ်ဘုရား)။

အေးပေါ့၊ ချွံ့ရှုံးတာကြတော့ ကိုယ်မိုက်လို့ ကိုယ်ခံရတာကိုး၊ ပြီးတော့လည်း နောက်တစ်ခါ ရအောင်ထိုးဦးမယ်၊ ဆိုပြီး လုပ်နေတာ၊ ချွဲဒိုင်ပေး လိုက်ရတာ ချွံရှုံးတာကြတော့ စိတ်ညစ်ကို မညစ် ဘူး၊ အို-သူတော်ကောင်းတို့၊ ကိုယ်မိုက်ထားလို့ ကိုယ်ကုန်တာကြတော့ လူတွေက စိတ်မညစ်တတ် ကြပါလေ၊ အပျော်ကြီးပျော်၍ နေကြလေကုန်၏။

အဲသလိုပဲ ချွံရှုံးသလိုပေါ့၊ ဘဝတစ်ခု ကိုယ် မိုက်လို့ ကိုယ်ရှုံး ကိုယ်ဆုံးသွားတာကို အပျော်ကြီး ပျော်နေကြတယ်။ နောက်ထပ် ဘဝတစ်ခါထပ်ယူ ရှုံး၊ အပျော်ကြီး ပျော် ရှုံး၊ ကုန်သွားလိုက်၊ အပျော် ကြီးပျော်လိုက်၊ နောက်ထပ် ဘဝတစ်ခါထပ်ယူ

http://www.dhammadownload.com



ရှူး၊ ရှူး ကုန် ပျော်၊ ရှူးကုန်ပျော်၊ ရှူးကုန်ပျော်နဲ့ ထပ်တလဲလဲ လည်နေတာကို သဘောပေါက်လား၊ (သဘောပေါက်ပါတယ်ဘုရား)။

သံသရာလည်တယ်ဆိုတာ အဲဒါပဲ၊ တကယ် သဘောပေါက်ရမှာက ဖြစ်ပြီး ပျက်တယ်၊ ပေါ်ပြီး ပျောက်တယ်၊ ထင်ရှားပြီး ချုပ်တယ်၊ ကိုယ့်ဘဝကြီး ရှူးနေတာ ဆုံးနေတာကို မသိ၊ ပျော်နေကြတာပါ လားလို့ နားလည်ရပါမယ်၊ သိရပါမယ်။ ပရမတ် သဘောတွေလည်း ရှူး,ဆုံးပျက်နေတာကို နား လည်ရပါမယ်၊ သေချာသိရပါမယ်။

လောကမှာ ဘယ်ဟာ ဖြစ်ဖြစ်၊ ဓမ္မသဘာဝ က သည်လိုပဲလို့ သိတဲ့အသိ၊ အဲဒီ အသိမပျောက် တဲ့ သတိရှိရင် နိဗ္ဗာန် မရောက်နိုင်ဘူးလား၊ ရောက်နိုင်လား၊ (ရောက်နိုင်ပါတယ်ဘုရား)။

အရိယာနတ်နဲ့ပုထုဇဉ်နတ်နဲ့ အမြင်ချင်း ကွာသလို အရိယာလူ ပုဂ္ဂိုလ်နဲ့ပုထုဇဉ်လူ ပုဂ္ဂိုလ် တွေလည်း အမြင်ခြင်းကွာပါတယ်တဲ့၊ နားလည် စေချင်ပါတယ်၊ သဘောပေါက်စေချင်ပါတယ်။

http://www.dhammadownload.com



အရင်တုန်းက ပုထုဇဉ်ဘဝနဲ့ ဟိုလိုပဲ မြင်တယ်ဆိုရင် အရိယာဖြစ်ချင်ရင် ဘယ်လိုမြင်လိုက်မလဲ၊ ဒီလိုမြင်ချလိုက်တော့၊ ဒီလိုဆိုတာဘယ်လိုတုန်း၊ (ဒီလိုပါပဲဘုရား)၊ အေး - ကောင်းတယ်၊ ကောင်းတယ်၊ ဒီလိုပါပဲ။

အဲဒီလို မြင်ဖို့ဟာ အသိမပျောက်တဲ့ သတိကို လက်ကိုင်ထားပါတဲ့၊ အသိမပျောက်တဲ့ သတိရှိရင် ထိုင်ရင်းနဲ့လည်း တရားအသိမဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ ရပ်ရင်းနဲ့လည်း တရားအသိမဖြစ်ဖူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ ရုံးသွား ဈေးသွားရင်းနဲ့လည်း တရားအသိ မဖြစ်ဘူးလား၊ (ဖြစ်ပါတယ်ဘုရား)၊ အိမ်သာထဲမှာရော ဘုရားခန်းထဲမှာရော အကုန်လုံး တရားအသိ မဖြစ်ဖူးလား၊ (ဖြစ်ပါတယ်ဘုရား)။

ဘာမပျောက်ဖို့ အရေးကြီးတယ်၊ အသိမပျောက်ဖို့ အရေးကြီးတယ်၊ ဒါ့အပြင် အသိမပျောက်တဲ့ သတိဖြစ်ဖို့ အရေးကြီးပါတယ်တဲ့၊ အဲဒီအသိမပျောက်တဲ့ သတိလေး ဖြစ်တာကို

http://www.dhammadownload.com



မြင့်မြတ်တဲ့ အသိဉာဏ်ပညာပါတဲ့အတွက် မဟာသတိဖြစ်တယ်၊ မဟာ-မြင့်မြတ်တာကို သတိပဋ္ဌာနသတိဖြစ်တာနဲ့ နှစ်ခုပေါင်းလိုက်တော့ မဟာသတိပဋ္ဌာနလို့ ခေါ်ကြပါတယ်၊ သတိပဋ္ဌာနသုတ်ရဲ့ အဓိကက မြင့်မြတ်တဲ့ သတိဖြစ်ဖို့ အရေးကြီးပါတယ်။ ဘာသတိ၊ အသိမပျောက်တဲ့သတိ။

အာရုံ မပျောက်တဲ့သတိက လှူချင်ရင် လှူဖြစ်မှာပဲ။ အာရုံမပျောက်တဲ့သတိက သီလစောင့်ချင်ရင် စောင့်ဖြစ်မှာပဲ၊ အာရုံမပျောက်တဲ့သတိက သမထအားထုတ်ချင်ရင် အားထုတ်ဖြစ်ပါမယ်။ ကုသိုလ်တရားတွေဖြစ်၊ ကောင်းကျိုးတွေရပါတယ်။ ဒါပေမယ့် အမြတ်ဆုံးကတော့ အသိမပျောက်တဲ့ သတိရှိဖို့ပါ၊ ပေါ့ပေါ့တန်တန် မတွက်လိုက်ပါနဲ့နော်။

ဒီတရားကို နာကြားပြီးရင် တရားပွဲပြီး တရားပွဲအပြန်ကစပြီး တောက်လျှောက် အမြဲတမ်း ဘာလေး မပျောက်ဖို့ အရေးကြီးတယ်၊ (အသိမပျောက်ဖို့ အရေးကြီးပါတယ်ဘုရား)၊ ဘာအသိလဲလို့ ပြောရင် ဖြစ်ပျက်ပဲ ပြောပြော၊ အနိစ္စ၊ ဒုက္ခ၊

http://www.dhammadownload.com



အနတ္တ သဘောတွေပဲ ပြောပြော၊ ဒုက္ခသစ္စာပဲ ပြောပြော ကြိုက်သလိုပြောလို့ ရပါတယ်။

အနည်းဆုံးကတော့ 'ငါလူပဲဟေ့' လို့ အသိ၊ လူဆိုရင်ပေါ့လေ၊ ရဟန်းတွေဆိုရင်လည်း 'ငါ ရဟန်းပဲဟေ့' ဆိုတဲ့ အသိ၊ မိဘဆိုရင်လည်း 'ငါ မိဘပဲဟေ့' ဆိုတဲ့ အသိ၊ အဲဒီအသိတွေများ မပျောက်ဘူးဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲ၊ တွက်ကြည့်ပေါ့၊ ဟုတ်လား၊ ဘာသတိ ဖြစ်အောင် နေမယ်၊ အသိမပျောက်တဲ့ သတိဖြစ် အောင် နေပါမယ်။

လူကလည်း လူဆိုတဲ့ အသိမပျောက်၊ လူလို နေ၊ ရဟန်းကလည်း ရဟန်းဆိုတဲ့ အသိမပျောက် ရဟန်းလိုနေ၊ မိဘကလည်း မိဘဆိုတဲ့ အသိ မပျောက် မိဘလိုနေ၊ သားသမီးကလည်း သား သမီးဆိုတဲ့ အသိမပျောက် သားသမီးလို နေ၊ အဲဒီလိုသာ နေကြရင် လောကကြီး ဘယ်လောက် သာယာလာလိမ့်မလဲ။ အံ့ဩလောက်အောင်ကို သာယာလာပါလိမ့်မယ်။

http://www.dhammadownload.com



ကိုယ့်မိသားစု လောက၊ ကိုယ့်အိမ်လောက၊ ကိုယ့်ဆွေမျိုးသားချင်း လောက၊ ကိုယ့်လုပ်ငန်း လောက၊ ကိုယ့်နိုင်ငံလောက၊ တစ်လောကလုံး သာယာပြီး သမ္မုတိသတ်မှတ်ချက်အနေနဲ့ လောက ကြီးဟာ သာယာလို့၊ အေးချမ်းလို့ ဘယ်လောက် ကောင်းလိုက်မလဲ။

လောကကြီးလဲ သာယာချမ်းသာ၊ စိတ် လည်း ကြည်လင်ချမ်းသာ၊ ဒါတင်မကပဲ အသိ မပျောက်တဲ့ သတိတွေ အားကောင်းလာတာကို လည်း ခံစားရရှိပြီး သူတော်ကောင်းသတ္တိ ချမ်းသာ ကြွယ်ဝလာပါတယ်။

အဲဒီအသိမပျောက်တဲ့ သတိကိုပဲ အားကိုး ပြီး - မွေးတာဟာ သေသည် "မှတစ်ပါး အခြား မရှိ" အဲဒီလို အသိဉာဏ်တွေ ပေါ်လာပါတယ်၊ ဖြစ်တာဟာ ပျက်သည် 'မှတစ်ပါး အခြား မရှိ'၊ ရှိတယ်ဆိုတာ ကုန်သည် 'မှတစ်ပါး အခြား မရှိ'၊ ပေါ်တယ်ဆိုတာ ပျောက်သည် 'မှတစ်ပါး အခြား မရှိ'၊ ကွဲတယ်ဆိုတာ ခွဲသည် 'မှတစ်ပါး အခြား မရှိ'။

http://www.dhammadownload.com



ဒါ့အပြင် သေ၊ ကုန်၊ ပျောက်၊ ကွဲ၊ ပျက် သည့် 'မှတစ်ပါး အခြားမရှိ'တဲ့ လောကီရုပ် နာမ် ဒုက္ခဆင်းရဲအမှန် ဓမ္မသဘောတွေ ချုပ်ဆုံးရာ ဟာလည်း နိဗ္ဗာန်ပဲ ဆိုတာ သိလာပါလိမ့်မယ်။

ရုပ်နာမ်ချုပ်ငြိမ်းမှုသည် နိဗ္ဗာန်၊ ဒုက္ခဆင်းရဲ အမှန် ရုပ်နာမ်ချုပ်ငြိမ်းရာသည် **"နိဗ္ဗာန်မှ တစ်ပါး အခြားမရှိ"**လို့ နားလည်ပြီး၊ ဒီအသိတရားတွေ မပျောက်မပျက်တဲ့ သတိအမြဲရှိပြီး လောကအတွင်း မှာလည်း သာယာအေးချမ်းအောင် နေတတ် ကြပါစေ။ အဲဒီလို နေတတ်လို့ ကောင်းကျိုးချမ်းသာ တွေ ရရှိပြီး လောကမှ လွန်မြောက်ရာဖြစ်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက် ပြုနိုင်ကြတဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါစေကုန် သတည်း။

သာဓု၊ သာဓု၊ သာဓု ပါဘုရား။

သတိလည်းရှိ၊ ဉာဏ်လည်းရှိ

အသိပြည့်စုံကြပါစေ။

ဓမ္မဒူတ အရှင်ဆေကိန္ဒ

http://www.dhammadownload.com



ကျေးဇူးတော်ရှင်

# ရွှေဥမင်ဆရာတော်ဘုရားကြီး၏

စာကြည့်တိုက်(၂၀)တိုက်အတွက်

## ဓမ္မဒါနအလှူရှင်များ

❑ ❑ ❑

၁။ **ဆရာတော်ဦးဇောတိက (မဟာမြိုင်တောရ)**

* စာအုပ်(၁၆)မျိုး၊ (၂၀)အုပ်စီ
စုစုပေါင်း(၃၂၀)အုပ်။

၂။ **ဆရာတော်ဓမ္မဒူတအရှင်ဆေကိန္ဒ**

* စာအုပ်(၁၇)မျိုး၊ (၂၀)အုပ်စီ
စုစုပေါင်း(၃၄၀)အုပ်။

၃။ **တပည့်သံဃာတော်များ (ရွှေဥမင်ဓမ္မသုခတောရ)**

* ရွှေဥမင်ဆရာတော်ကြီး၏
အန္တိမဇျာပနမှတ်တမ်း(၂၀)အုပ်။

၄။ **အရှင်တေဇိန္ဒ (ရွှေဥမင်ဓမ္မသုခတောရ)**

* ယောဆရာတော်၏
တရားပြည့်ဝအရိပ်ရစာအုပ်(၂၀)အုပ်။

၅။ **ဦးစံငြိမ်း+ဒေါ်သိန်းဝင်းမိသားစု**

* ဓမ္မဒူတအရှင်ဆေကိန္ဒ၏
တရားတိပ်ခွေ(၆)မျိုး၊ (၂၀)ခွေစီ
စုစုပေါင်း(၁၂၀)ခွေ။